မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၂ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၃ရက်၊ ၂၀၁၀ ခုနှစ်၊ ဩဂုတ် ၂၈ရက်၊ စနေနေ့၊ အတွဲ(၄၉)၊ အမှတ်(၃၂၇)

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

မှတ်ပုံတင်ခွင့်ရရှိပြီးသော နိုင်ငံရေးပါတီများက ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်သို့

ယင်းတို့၏ ပါတီဝင်အင်အားစာရင်းများ လာရောက်တင်ပြ

နေပြည်တော် ဩဂုတ် ၂၇

နိုင်ငံရေးပါတီများသည် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းနည်းဥပဒေ ၁၃(က)နှင့်အညီ ယင်းတို့ စည်းရုံးရရှိပြီးသော ပါတီဝင်အင်အားစာရင်းများကို မှတ်ပုံတင်ခွင့်ရရှိသည့် နေ့ရက်မှစ၍ ရက်ပေါင်း ၉၀အတွင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့တင်ပြရန်ရှိရာ ယနေ့တွင် အင်းအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ပါတီဝင်အင်အားစာရင်း လာရောက်တင်ပြခဲ့သည်။

တင်ပြ

ယနေ့အထိ ကော်မရှင်က မှတ်ပုံတင်ခွင့်ပြုပြီးသည့်ပါတီ (၄၂)ပါတီ ရှိရာတွင် သတ်မှတ်ရက်အတွင်း ပါတီဝင်အင်အားစာရင်း တင်ပြပြီးသည့်ပါတီမှာ (၃၁)ပါတီရှိပြီဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးဝေစည်လာသည့် ရတနာပုံမြို့သစ် တည်ဆောက်ရေးစီမံကိန်း

သတင်းခရီးသည်
မောင်မောင်မြင့်ဆွေ
ဓာတ်ပုံမှတ်တမ်း
ကျော်မြင့်သန်း (လမ်းမတော်)

ပြင်ဦးလွင် ဩဂုတ် ၂၇

ပြင်ဦးလွင်မြို့မှ တောင်ဘက် ၁၂မိုင်ခန့်၊ မန္တလေးမြို့မှ ၂၉မိုင်ခန့် အကွာတွင် တည်ဆောက်လျက်ရှိသော တိုက်တာနေအိမ်များ၊ ရုံးအဆောက်အအုံများကို တွေ့ရသည်။ ၄င်းမှာ တစ်ရှိန်ထိုးဖြစ်ထွန်းလာသည့် မန္တလေးတိုင်းဒေသကြီး ရတနာပုံမြို့သစ် ကိုယ်ပိုင်အိမ်ရာစီမံကိန်း (မြောက်ပိုင်း)၏ မြင်ကွင်းဖြစ်သည်။

ပုံရိပ်သစ်များ

မန္တလေးတိုင်းဒေသကြီးအတွင်း ဖွံ့ဖြိုးတိုးတက်မှု ပုံရိပ်များက အံ့မခန်းစရာပင်။ တည်ဆောက်ပြုပြင်မှုလုပ်ငန်းများကို နေရာတိုင်း၌ မြင်တွေ့နေရသည်။ အဆောက်အအုံစီမံကိန်း၊ လမ်း၊ တံတားစီမံကိန်း၊ မြို့ရွာတည်ဆောက်မှုစီမံကိန်းများကား နေ့စဉ် ပုံရိပ်သစ်များအဖြစ် ထွက်ပေါ်လျက်ရှိသည်။ တိုင်းဒေသကြီးအဆင့် တာဝန်ရှိသူများ၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၏ ကြိုးစားအကောင်အထည်ဖော်ဆောင်ရွက်မှုများပင်။ *စာမျက်နှာ ၇ ကော်လံ ၁* ✱

ဆန်းသစ်သော ဒီဇိုင်းနှင့် အိမ်ပုံစံများကို ခေတ်မီလှပစွာဖြင့် ဤသို့ တွေ့ရသည်။

လမ်းနှင့်အိမ်များက ဤသို့ ပန်းချီကားတစ်ချပ်သဖွယ် ပေါ်ထွန်းလျက်....။

28-8 (01).pmd 1 8/28/2010, 1:21 AM

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၁၀ ခုနှစ် ဩဂုတ် ၂၈ ရက်)

ကျန်းမာရေးဆိုင်ရာ သတိပေးနှိုးဆော်ချက်များ အလေးထားလိုက်နာ

ကျန်းမာရေးဝန်ကြီးဌာနသည် အသစ်ဖြစ်ပေါ်လာသော ကူးစက်မြန်ရောဂါနှင့် တိရစ္ဆာန်များမှတစ်ဆင့် လူသို့ကူးစက်နိုင်သောရောဂါများ ကာကွယ်နှိမ်နင်းရေးလုပ်ငန်းများကို ကူးစက်ရောဂါတိုက်ဖျက်ရေး ကော်မတီများဖွဲ့စည်းခြင်း၊ ကူးစက်ရောဂါကာကွယ်နှိမ်နင်းရေးစီမံကိန်းများ ရေးဆွဲအကောင်အထည်ဖော်ခြင်း၊ ရောဂါတိုက်ဖျက်ရေးအဖွဲ့များ ဖွဲ့စည်းလေ့ကျင့်သင်တန်းပေးခြင်းနှင့် လက်တွေ့ကွင်းဆင်းဆောင်ရွက်စေခြင်း၊ လိုအပ်သော ဆေးနှင့်ဆေးပစ္စည်းများ ဖြည့်ဆည်းထောက်ပံ့ခြင်း၊ ကုသရေးလုပ်ငန်းများ အရည်အသွေးပြည့်မီရန် ဆောင်ရွက်ခြင်းတို့ကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိသည်။

ယခုအခါ ကမ္ဘာ့ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်များကြောင့် နိုင်ငံအချို့တွင် သဘာဝဘေးအန္တရာယ်များကို လူနှင့်တိရစ္ဆာန်များ ထိတွေ့ခံစားနေရလျက်ရှိသည်။ သဘာဝဘေးအန္တရာယ်ကြောင့် တိရစ္ဆာန်များ၏ သဘာဝနေထိုင်စားသောက်မှုစရိုက်များ ပြောင်းလဲမှုတွင် ကြွက်ကောင်ရေများ များပြားလာပြီး စိုက်ပျိုးသီးနှံများအား ဖျက်ဆီးမှုကြောင့် ကြွက်နှိမ်နင်းရေးလုပ်ငန်းများကို စုပေါင်းဆောင်ရွက်ခဲ့ကြရသည်။

ကြွက်များသည် လူတို့၏ စားနပ်ရိက္ခာနှင့်ပစ္စည်းများကို ဖျက်ဆီးတတ်ရုံမက ကူးစက်ရောဂါများကိုပါ သယ်ဆောင်လာတတ်သည်။ အထူးသဖြင့် ပလိပ်ရောဂါသည် ကြွက်တို့၏ သန်းမှတစ်ဆင့် ကူးစက်ပြီး လူနာများမှတစ်ဆင့် အခြားသူများသို့ အဆင့်ဆင့် ကူးစက်နိုင်သည်။

ကျန်းမာရေးဝန်ကြီးဌာနသည် ပလိပ်ရောဂါစောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းအဖြစ် ကြွက်နှင့်ကြွက်လှေး သုတေသနလုပ်ငန်းများကို ပလိပ်ရောဂါဖြစ်ပွားကူးစက်နိုင်ခြေရှိသည့် နေရာဒေသများ၌ နှစ်စဉ် သုံးလတစ်ကြိမ် ဆောင်ရွက်လျက်ရှိသည်။ မြန်မာနိုင်ငံတွင် ယခုအထိ လူတွင် ပလိပ်ရောဂါကူးစက်ဖြစ်ပွားမှု မရှိချေ။

ယခုအခါ မြန်မာနိုင်ငံတွင် ပလိပ်ရောဂါကူးစက်ဖြစ်ပွားမှုမရှိသော်လည်း ကြွက်ကျလျှင်သတင်းပို့ပြီး ကြွက်မှတစ်ဆင့် ကူးစက်နိုင်သောရောဂါကာကွယ်ရေးနှင့်ပတ်သက်၍ ကျန်းမာရေးသတိပေး နှိုးဆော်ချက်များကို ပြည်သူများက အလေးထားလိုက်နာဆောင်ရွက်သွားသင့်ပါကြောင်း အကြံပြု ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မြဝတီရုပ်မြင်သံကြား

၂၈-၈-၂၀၁၀ (စနေနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မြဝတီအဖွင့်
၇း၀၅	၂။	တရားတော်
၇း၁၀	၃။	မိုးကုတ်ဆရာတော်ကြီး၏ ထေရုပ္ပတ္တိ ဘွဲ့မည်တွင်ခေါ် မိုးကုတ်ဆရာတော် အပိုင်း (၂)
၇း၁၅	၄။	ဓမ္မပူဇာတေး
၇း၂၀	၅။	မျိုးချစ်တပ်မတော်
၇း၂၅	၆။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀	၇။	မြန်မာသံစဉ် ချိုနားဝင်
၇း၄၀	၈။	သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅	၉။	အမျိုးသားရေးတေးကဗျာ
၈း၀၀	၁၀။	မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀	၁၁။	အမျိုးသားရေးတေးကဗျာ

နေ့လယ်ပိုင်း

၁၁း၀၀	၁။	မြဝတီအဖွင့်
၁၁း၀၅	၂။	အဖွင့်သီချင်း
၁၁း၁၀	၃။	မျိုးချစ်တပ်မတော်
၁၁း၃၀	၄။	ကာတွန်းအစီအစဉ် **အမြှာစုံထောက်** (အပိုင်း-၃၃)
၁၂း၀၀	၅။	ရုပ်မြင်သံကြားဇာတ်လမ်း **ချစ်ကြည့်ရအောင်** နေတိုး၊ မိုးဟေကို (ဒါရိုက်တာ-ဟိန်းစိုး)
၁၃း၃၀	၆။	သာယာသီကြွေး ခေတ်ဆန်းတေး
၁၄း၀၀	၇။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ကြင်နာသူရဲ့ချစ်ရိပ်** (အပိုင်း-၆၄)

ညပိုင်း

၄း၀၀	၁။	မြဝတီအဖွင့်
၄း၀၅	၂။	အဖွင့်သီချင်း
၄း၁၀	၃။	ချစ်သူစုံတွဲ တူယှဉ်နွဲ့
၄း၃၅	၄။	မြတ်နိုးကြစေ အမျိုးသားအမွေ
၄း၄၅	၅။	မြန်မာသံစဉ် ချိုနားဝင်
၄း၅၅	၆။	မျိုးချစ်တပ်မတော်
၅း၀၀	၇။	တိုင်းကျိုးပြည်ပြု တည်ထောင်မှု
၅း၂၀	၈။	သာယာသီကြွေး ခေတ်ဆန်းတေး
၅း၄၀	၉။	ပျော်ရွှင်စရာ သရုပ်ဆောင်ကမ္ဘာ
၆း၀၀	၁၀။	မြဝတီရုပ်မြင်သံကြားသတင်း
၆း၂၀	၁၁။	အမျိုးသားရေးတေးကဗျာ
၆း၂၅	၁၂။	လျှပ်တစ်ပြက်
၆း၃၀	၁၃။	**စားဖိုဆောင်ချစ်သူ**
၆း၄၅	၁၄။	ထူးခြားဆန်းပြား ကမ္ဘာတစ်လွှား
၇း၀၀	၁၅။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ချစ်ကြိုးယှက်နွယ်** (အပိုင်း-၂)
၈း၀၀	၁၆။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၇။	နိုင်ငံတကာသတင်း
	၁၈။	မိုးလေဝသသတင်း
	၁၉။	အမျိုးသားရေးတေးကဗျာ
	၂၀။	လူရွှင်တော်စတား
	၂၁။	အင်္ဂလိပ်စာသုတ
	၂၂။	ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
	၂၃။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **တိမ်လွှာကြားကသိုင်းသမား** (အပိုင်း-၁၀)
	၂၄။	**လင်းရောင်စဉ်အတွက် ပုံရိပ်များ** (အပိုင်း-၂၂)

ရွှေးကောက်ပွဲဆိုင်ရာ လုပ်ငန်းသင်တန်း မှော်ဘီမြို့နယ်၌ ဖွင့်လှစ်

ရန်ကုန် ဩဂုတ် ၂၇

ရန်ကုန်မြောက်ပိုင်းခရိုင် မှော်ဘီမြို့နယ် ကော်မရှင်အဖွဲ့ခွဲမှ မြို့နယ်အတွင်းရှိ မဲရုံမှူး၊ ဒုတိယမဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များ၏ ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းသင်တန်းကို ဩဂုတ် ၂၂ရက် နံနက် ၉နာရီက မှော်ဘီ အထက(၁) ပညာရတနာခန်းမ၌ ဖွင့်လှစ်သည်။

တက်ရောက်

အဆိုပါသင်တန်းတွင် ရန်ကုန်မြောက်ပိုင်းခရိုင် ကော်မရှင်အဖွဲ့ခွဲဝင် ဦးတင်အေးက သင်တန်းဖွင့်အမှာစကား ပြောကြားပြီး မှော်ဘီမြို့နယ် ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးမြသိန်းက သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။ အဆိုပါ သင်တန်းသို့ မြို့နယ်အတွင်းရှိ ရပ်ကွက်နှင့်ကျေးရွာအုပ်စုများမှ မဲရုံမှူး၊ ဒုတိယမဲရုံမှူးများနှင့် မဲရုံအဖွဲ့ဝင်များ တက်ရောက်ကြသည်။

(အောက်ပုံ)(မြို့နယ်ကော်မရှင်အဖွဲ့ခွဲ)

ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး ဝန်ကြီး ဦးဇော်မင်းအား လာရောက်တွေ့ဆုံ

နေပြည်တော် ဩဂုတ် ၂၇

အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီးဦးဇော်မင်းအား ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဘင်္ဂလားဒေ့ရှ် ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Major General Anup Kumar Chakma, ndc, psc နှင့် ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ Ministry of Power Energy and Mineral Resources မှ Joint Secretary (Development) Mr. Md. Mofazzel Hossain နှင့်အဖွဲ့သည် ဩဂုတ် ၂၆ရက် နံနက်ပိုင်းက နေပြည်တော်ရှိ အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံကြသည်။ **(အပေါ်ပုံ)**

တက်ရောက်

ထိုသို့တွေ့ဆုံရာ၌ ဒုတိယဝန်ကြီး ဦးမျိုးမြင့်၊ ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများနှင့် လုပ်ငန်းတို့မှ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

လင်းခေးမြို့နယ် ဥက္ကဋ္ဌဖလား မိုးရာသီဘောလုံးပြိုင်ပွဲ ကျင်းပ

လင်းခေး ဩဂုတ် ၂၇

ရှမ်းပြည်နယ်(တောင်ပိုင်း) လင်းခေးမြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဖလား မိုးရာသီဘောလုံးပြိုင်ပွဲ ကွင်းဖွင့်ပွဲအခမ်းအနားကို ဩဂုတ် ၁၇ရက် ညနေ ၃နာရီခွဲက ပြည်ငြိမ်းအေးအားကစားကွင်း၌ကျင်းပရာ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီးတင်ဆွေနှင့် ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်ဆွေ၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးစိုးမြင့်၊ ခရိုင်၊မြို့နယ်ဌာနဆိုင်ရာဝန်ထမ်းများ တက်ရောက်ကြသည်။ အခမ်းအနားတွင် မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူး သိန်းညွှန့်က ကွင်းဖွင့်ပွဲ အမှာစကားပြောကြားပြီး အားကစားသမားများက အားကစားအဓိဋ္ဌာန် ရွတ်ဆိုကြသည်။

ပါဝင်ယှဉ်ပြိုင်

အဆိုပါ မြို့နယ်ဥက္ကဋ္ဌဖလားဘောလုံးပြိုင်ပွဲသို့ ရပ်ကွက်၊ ကျေးရွာအုပ်စုများမှ ပြိုင်ပွဲဝင် ဘောလုံးအသင်း ၁၂သင်း ပါဝင်ယှဉ်ပြိုင်ကစားခဲ့ကြကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

ကတ္တရာလမ်းခင်း

တာချီလိတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ် မြို့ပြလမ်း လုပ်ငန်းဖြစ်သော ဟောင်လိတ်ရပ်ကွက် ပါလျံ (၃)လမ်း ကတ္တရာခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ဩဂုတ် ၁၀ရက်က အမှုဆောင်အရာရှိ ဦးကျော်သူ ကွင်းဆင်းကြပ်မတ်စဉ်။

(၀၁၆)

တက္ကသိုလ်၊ ဒီဂရီကောလိပ်များနှင့်အခြေခံပညာကျောင်းများ ဝန်ကြီးဒေါက်တာချမ်းငြိမ်း ကြည့်ရှုစစ်ဆေး

နေပြည်တော် ဩဂုတ် ၂၇

ပညာရေးဝန်ကြီးဌာန ဝန်ကြီးဒေါက်တာချမ်းငြိမ်းသည် အဆင့်မြင့်ပညာဦးစီးဌာန (အထက်မြန်မာပြည်) တာဝန်ခံညွှန်ကြားရေးမှူးချုပ် ဒေါက်တာစိုးဝင်းလိုက်ပါလျက် ဩဂုတ်၂၃ရက် နံနက်ပိုင်းက စစ်ကိုင်းပညာရေးတက္ကသိုလ်သို့ သွားရောက်၍ ဘွဲ့ကြို၊ ဘွဲ့လွန်တက်ရောက်နေကြသည့် ကျောင်းသား ကျောင်းသူများနှင့် တွေ့ဆုံကာ သင်ယူတတ်မြောက်မှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

တွေ့ဆုံ

ဆက်လက်၍ ဝန်ကြီးသည် ရွှေဘိုဒီဂရီကောလိပ်သို့ ရောက်ရှိပြီး ကျောင်းသား ကျောင်းသူများ၏ သင်ကြားမှုအခြေအနေများကို ကြည့်ရှုစစ်ဆေး၍ ကျောင်းအုပ်ကြီး၊ ဆရာ ဆရာမများနှင့် တွေ့ဆုံကာ သင်ကြားရေး၊ စီမံခန့်ခွဲရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးမှာကြားပြီး လိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဖြည့်ဆည်းဆောင်ရွက်

ဝန်ကြီးဒေါက်တာချမ်းငြိမ်းသည် အမှတ်(၂) အခြေခံပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးရဲလွင်အောင်လိုက်ပါလျက် ဩဂုတ်၂၄ရက်က ရွှေဘိုမြို့ အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်းသို့လည်းကောင်း၊ ကန့်ဘလူမြို့နယ် ဇီးကုန်းအခြေခံပညာအထက်တန်းကျောင်းနှင့် ထန်းကုန်း အခြေခံပညာအထက်တန်းကျောင်း(ခွဲ)ကျောင်းသို့လည်းကောင်း၊ ကန့်ဘလူမြို့ အမှတ်(၂)အခြေခံပညာ အထက်တန်းကျောင်းနှင့် အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းတို့သို့လည်းကောင်း သွားရောက်ပြီး ကျောင်းအကျိုးတော်ဆောင်များ၊ ကျောင်းအုပ်ကြီးများ၊ ဆရာ ဆရာမများနှင့်တွေ့ဆုံကာ လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပညာရေးဝန်ကြီးဌာန ဝန်ကြီးဒေါက်တာချမ်းငြိမ်း ရွှေဘိုဒီဂရီကောလိပ်၌ ဆရာ ဆရာမများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (ပညာရေး)

ဓမ္မလက်ဆောင်အဖြစ် ဗုဒ္ဓရုပ်ပွားတော်အား သာသနာရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးအပ်

ရန်ကုန် ဩဂုတ် ၂၇

အင်ဒိုနီးရှားသမ္မတနိုင်ငံ၏ (၆၅)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်အဖြစ် သာသနာရေးဝန်ကြီးဌာနသို့ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ အင်ဒိုနီးရှားသမ္မတနိုင်ငံ သံအမတ်ကြီးက ဓမ္မလက်ဆောင်အဖြစ် ဗုဒ္ဓရုပ်ပွားတော် လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကို ယနေ့မွန်းလွဲ ၂နာရီတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်ရှိ သာသနာရေးဝန်ကြီးဌာန (ရန်ကုန်ရုံးခွဲ) ဝန်ကြီးဧည့်ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး သူရဦးမြင့်မောင်နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ အင်ဒိုနီးရှားသမ္မတနိုင်ငံ သံအမတ်ကြီး H.E . Mr. Sebastianus Sumarsono တို့က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားကြသည်။

ထို့နောက် သံအမတ်ကြီးက ဗုဒ္ဓရုပ်ပွားတော်အား ဓမ္မလက်ဆောင်အဖြစ် ဝန်ကြီးထံ လွှဲပြောင်းပေးအပ်ပြီး ဝန်ကြီးက ဗုဒ္ဓကျမ်းစာအုပ်များကို ပြန်လည်ပေးအပ်သည်။ **(အပေါ်ပုံ)** **(သတင်းစဉ်)**

တံတားဦးမြို့နယ်၌ သဘာဝရေလှောင်ကွင်းများအတွင်း ငါးမျိုးစိုက်ထည့်

တံတားဦး ဩဂုတ် ၂၇

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှ သဘာဝရေလှောင်ကွင်းများအတွင်းသို့ ငါးမျိုးစိုက်ထည့်ခြင်းအခမ်းအနားကို ဩဂုတ် ၁၇ရက် နံနက် ၉ နာရီက တံတားဦးမြို့နယ် မီးသွေးတိုက်ကျေးရွာအုပ်စု ဆင်ကျုံးခံတပ်အနီးတွင် ကျင်းပရာ အခမ်းအနားသို့ ကျောက်ဆည်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစိုးဝင်း၊ အတွင်းရေးမှူး ဦးမောင်မောင်၊ ကျောက်ဆည်ခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးသက်အေး၊ တံတားဦးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးဇော်မင်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ငါးမျိုးစိုက်ထည့်

အခမ်းအနားတွင် တက်ရောက်လာကြသူများက သဘာဝရေလှောင်ကွင်းများအတွင်းသို့ ငါးသန်ကောင်ရေ ၅၅၀၀၀၀ နှင့် ငါးမှုန်ကောင်ရေ ၇၀၀၀၀၀၀ တို့ကို မျိုးစိုက်ထည့်ပေးခဲ့ကြကြောင်း သိရှိရသည်။ **(ဝဲပုံ) (ဝဇဝ)**

ကျိုင်းတုံမြို့နယ်၌ မူးယစ်ဆေးဝါး ပပျောက်ရေး ဟောပြော

ကျိုင်းတုံ ဩဂုတ် ၂၇

ပြည်နယ်မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေးအဖွဲ့၏ ကြီးကြပ်မှုဖြင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း) ဘိန်းစိုက်ပျိုးမှု လျော့နည်းပပျောက်ရေး အသိပညာပေးဟောပြောပွဲကို ဩဂုတ် ၁၆ရက် နံနက် ၁၀ နာရီက ကျိုင်းတုံမြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးကြည်တင်က အမှာစကားပြောကြားပြီး ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး အောင်ကျော်ဦး၊ မြို့နယ်ဥက္ကဋ္ဌ ဦးရွှေမောင်း၊ ကျိုင်းတုံမူးယစ်(အထူး) အဖွဲ့ကြီးကြပ်သူ အရာရှိ ဒုတိယရဲမှူး သန်းထူးတို့က ဘိန်းစိုက်ပျိုးရန် မြေယာပြုပြင်မှု သတင်းရရှိရေး၊ ဘိန်းမျိုးစေ့များ အပြည့်အဝ အပ်နှံရေး၊ ဘိန်းအစားထိုးသီးနှံများ စိုက်ပျိုးရေးဆိုင်ရာ ကိစ္စရပ်များကို ရှင်းလင်းဟောပြော ဆွေးနွေးကြသည်။

ကွင်းဆင်းစည်းရုံး

ဟောပြောပွဲသို့ ခရိုင်နှင့် မြို့နယ်မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့ အဖွဲ့ဝင်များ၊ ရပ်ကွက်ကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ဌာနဆိုင်ရာများနှင့် စိုက်ပျိုးရေးကြီးကြပ်မှုအဖွဲ့ဝင်တို့တက်ရောက်အကြံပြု ဆွေးနွေးကြပြီး ကျေးရွာများအထိ ကွင်းဆင်းစည်းရုံး ဟောပြောကြသည်။ **(ပြည်နယ်မူးယစ်အဖွဲ့)**

စွမ်းရည်မြှင့်တင်မှုဆိုင်ရာသင်တန်းဖွင့်မည်

ရန်ကုန် ဩဂုတ် ၂၇

MBA ဘွဲ့ရ စီးပွားရေးလုပ်ငန်းရှင်များ ဖွဲ့စည်းထားသည့် Myanmar Business Executives (MBE) Network က တည်ထောင်ထားသော စီးပွားရေးစွမ်းဆောင်ရည်မြှင့်တင်ရေး သင်တန်းကျောင်း Business Capacity Building (BCB) Centre က လူငယ်များအတွက် မိမိကိုယ်မိမိ ယုံကြည်မှုရှိစေရန်နှင့် စွမ်းရည်မြှင့်တင်မှုရှိစေရန် ရည်ရွယ်၍ Confidence -Building Program သင်တန်းကို စက်တင်ဘာ ၆ရက်တွင် ဖွင့်လှစ်မည်ဖြစ်ကြောင်း၊ အခြေခံပညာအထက်တန်း အောင်မြင်သူများနှင့် ဘွဲ့ကြို သင်တန်း တက်ရောက်နေသူများ အားလုံး တက်ရောက်နိုင်ကြောင်း သိရသည်။

သင်ကြားပို့ချ

ထိုသင်တန်းတွင် လူငယ်များအတွက် ပို့ချမည့်အကြောင်းအရာ ၁၁ခု ပါဝင်မည်ဖြစ်သည်။ ပျော်ရွှင်ကျန်းမာသောဘဝကို ပိုင်ဆိုင်နိုင်စေရန်၊ ကျင့်ဝတ်သိက္ခာနှင့်အညီ နေထိုင်ဆောင်ရွက်တတ်စေရန်၊ သက်ဆိုင်ရာလုပ်ငန်း၊ အသင်းအဖွဲ့များတွင် ဦးဆောင်ဦးရွက်ပြုနိုင်သော အရည်အချင်းများရှိလာစေရန်၊ စိတ်ပိုင်းဆိုင်ရာ အရည်အသွေးများ တိုးတက်လာစေရန်၊ မိမိဘဝကို ကိုယ်တိုင်မြှင့်တင်နိုင်စေရန်၊ ပြောဆိုဆက်ဆံရေးတွင်လည်း ရှင်းလင်းစွာပြောဆိုတတ်မှု ရှိစေရန်၊ အင်္ဂလိပ်ဘာသာစကားကိုလည်း ယုံကြည်မှုရှိရှိ ပြောဆိုနိုင်စေရန်၊ ကွန်ပျူတာနှင့် အင်တာနက် အသုံးပြုရာတွင်လည်း အကျိုးရှိစွာ အသုံးပြုတတ်မှု ရှိစေရန် သင်ကြားပို့ချပေးမည်ဖြစ်ကြောင်း သိရှိရသည်။

စာရင်းပေးသွင်းနိုင်

သင်တန်းကာလမှာ စက်တင်ဘာ ၆ရက်မှ အောက်တိုဘာ ၁၉ရက်အထိဖြစ်ပြီး သင်တန်းချိန်မှာ နံနက် ၉နာရီခွဲမှ မွန်းလွဲ ၁၂နာရီခွဲ တနင်္လာနေ့မှ သောကြာနေ့အထိ တက်ရောက်ရမည် ဖြစ်သည်။ သင်ကြားမှု ထိရောက်စေရန် သင်တန်းသားဦးရေကို ကန့်သတ်လက်ခံမည်ဖြစ်သဖြင့် အသေးစိတ် သိရှိလိုပါက Business Capacity Building (BCB) Centre အခန်း ၄၀၅ အမှတ် ၈ ဗားကရာလမ်းနှင့် ဓမ္မစေတီလမ်းထောင့် မြေနီကုန်း စမ်းချောင်း မြို့နယ် ရန်ကုန်မြို့ ဖုန်း-၅၃၈၅၃၁သို့ ဆက်သွယ်စုံစမ်း စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

ထပ်ပိုးလွှာခင်း

တောင်ကုတ်မြို့နယ်စည်ပင်သာယာရေး အဖွဲ့က မာလာမြိုင်လမ်းကတ္တရာ ထပ်ပိုးလွှာခင်းခြင်း လုပ်ငန်းဆောင်ရွက်နေမှုကို ဩဂုတ် ၁၅ရက်က အမှုဆောင်အရာရှိ ဦးလှဖော်ဇံ ကွင်းဆင်းစစ်ဆေးရာ အငယ်တန်းအင်ဂျင်နီယာ-၂ ဒေါ်စန်းစန်းအေး ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

နေပြည်တော် မြန်မာ့အသံ ရေဒီယိုအစီအစဉ်

(တနင်္ဂနွေနေ့-နံနက်+နေ့လယ်+ည)

၂၉-၈-၂၀၁၀

၇း၀၀	အဖွင့်တီးလုံး+နှုတ်ခွန်းဆက် နိုင်ငံတော်သီချင်း+ ကြေညာချက်
၇း၀၅	တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ တရားတော် **(အဌာနာဋိယသုတ်နှင့် ဂုဏ်တော်ကွန်ချာ)** ဓမ္မပူဇာတေးပဒေသာ
၇း၃၀	(၃၈)ဖြာမင်္ဂလာ
၇း၃၅	နံနက်ခင်းတေးပဒေသာ
၈း၀၀	စံတော်ချိန် + သတင်း
၈း၁၀	နံနက်ခင်းတေးပဒေသာ
၈း၃၀	ဘဝအသွင်ကဗျာ့အမြင် (တောင်ကျရေ)
၈း၃၅	တေးပဒေသာ
၁၀း၀၀	မွေးနေ့လက်ဆောင်
၁၀း၃၀	သတင်းစာအာဘော်
၁၀း၃၅	သန့်စွမ်းကျန်းမာ ကိုယ်ခန္ဓာ (အရိုးများကိုဂရုပြုပါ)
၁၀း၄၀	တေးစီးရီး (ကြည်နူးခွင့်-တေးသံရှင်များ)
၁၁း၀၀	နေ့လယ်ခင်းသတင်း
၁၁း၁၀	ဆိုကြပျော်ရွှင် တေးသံစဉ်
၁၂း၀၀	စံတော်ချိန် ကလေးအစီအစဉ် (ကလေးများအတွက် ပုံပြင်-ဒရယ်နှင့်သူ့မိတ်ဆွေများ)
၁၂း၁၀	ဘဝတစ်ကွေ့ အတွေ့အကြုံ (ဘဝမကူးမီ ကြိုတင်ကောင်းမှု နေ့တိုင်းပြု) နေ့လယ်ခင်းတေးပဒေသာ
၁၂း၃၀	စာအုပ်စာပေ လူ့မိတ်ဆွေ ၁။ ဘာအရေးကြီးဆုံးလဲ-စာရေးဆရာများ ၂။ အဆိပ်သင့်မိဘမေတ္တာနှင့် အခြားလက်ရွေးစင်စာစုများ (မောင်သိန်းလွင်)
၁၂း၅၀	နေ့လယ်ခင်းတေးပဒေသာ
၁၃း၀၀	မွန်းလွဲပိုင်းသတင်း
၁၃း၁၀	သီလိုသမျှမေး ကျန်းမာရေး တေးပဒေသာ
၁၃း၃၀	အစီအစဉ်ပြီး၏။
၁၆း၀၀	အဖွင့်တီးလုံး+ကြေညာချက် ညနေခင်းတေးပဒေသာ
၁၆း၃၀	သောတရှင်လိုရာတေး
၁၇း၀၀	မြတ်နိုးစရာ ကျေးရွာတေးကဗျာ
၁၇း၂၅	သတင်းစာဆောင်းပါး
၁၇း၃၀	ညနေခင်းတေးပဒေသာ
၁၇း၃၅	တို့ပြန်ဖြေကြားအနုပညာရှင်များ (အကြည်တော်)
၁၈း၀၀	ညနေခင်းသတင်း
၁၈း၁၀	တေးချစ်သူရွေးသီတေးပန်းချီ
၁၈း၃၀	သုတစုံကြွယ် သိစေဖွယ် **(တန်ခိုးရှင်တောင် ဝဋ်ကိုမရှောင်နိုင်)**
၁၈း၄၅	တေးပဒေသာ
၁၉း၀၀	နိုင်ငံတကာသတင်း
၁၉း၁၀	Talk on Line (ဗညားဟန်) နိုင်ငံရေးဦးတည်ချက်
၁၉း၃၀	တေးပဒေသာ
၂၀း၀၀	ပြည်တွင်းသတင်း
၂၀း၂၀	ဖျော်ဖြေသီကြွေး သူ့အလှည့်တေး (ဆောင်းဦးလှိုင်) စီးပွားရေးဦးတည်ချက်
၂၀း၄၀	လယ်ယာစီးပွား (ဂေါ်ဖီစိုက်ပျိုးဝင်ငွေဖြိုး)
၂၀း၅၀	တေးပဒေသာ လူမှုရေးဦးတည်ချက်
၂၁း၀၀	ခံစားနားဆင်မြန်မာတေးသံစဉ်
၂၁း၁၅	ညချမ်းချိန်ခါတေးပဒေသာ
၂၁း၃၀	ခေတ်မရွေးသောတေး
၂၂း၀၀	အစီအစဉ်ပြီး၏။

ဩဂုတ် ၂၁ရက်က မရမ်းကုန်းမြို့နယ် အမှတ် (၄) အခြေခံပညာအလယ်တန်းကျောင်းခန်းမ၌ ကျင်းပသော ၂၀၀၉-၂၀၁၀ပညာသင်နှစ် မိဘဆရာအသင်းနှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲတွင် မြို့နယ်အဆင့် သင်္ချာဘာသာရပ် မွမ်းမံသင်တန်း၌ ပထမဆုရရှိခဲ့သော အလယ်တန်းပြဆရာမ ဒေါ်နီနီတင်အား ကျောင်းအုပ်ဆရာမကြီး ဒေါ်သိန်းတိုး ဆုချီးမြှင့်စဉ်။ (ပညာရေး)

ဘရာဇီးအနောက်မြောက်ပိုင်း မီးလောင်မှုကြီးမား

ဘရာဆီးလီးယား ဩဂုတ် ၂၇

ဘရာဇီးနိုင်ငံ အနောက်မြောက်ပိုင်း ချုံထူထပ်သည့် နေရာများတွင် မီးလောင်လျက်ရှိရာ လေပြင်းတိုက်သဖြင့် မီးလောင်မှုမှာ အရှိန်ပြင်းစွာ ကူးစက်လျက်ရှိကြောင်း အင်တာနက်သတင်း၌ ဩဂုတ် ၂၆ရက်က ဖော်ပြသည်။

သုံးလကြာ မိုးခေါင်ခဲ့မှုကြောင့်လည်း မီးကူးစက်လောင်ကျွမ်းမှု မြန်ဆန်ပြီး၊ မီးညွန့်မှာ မကျိုးနိုင်ဘဲ မီးတောက် မီးလျှံများမှာ သုံးလေးမီတာအထိ မြင့်တက်နေကြောင်း သတင်းတွင်ဖော်ပြထားသည်။

မီးလောင်ကျွမ်းမှုကြောင့် ဆော်ပေါလိုပြည်နယ်ဖြတ်သည့် အဝေးပြေးလမ်းမကြီး တစ်ခုလုံးနီးပါးတွင် မော်တော်ယာဉ် အသွားအလာများ ရပ်ဆိုင်းသွားသည်။ အမ်အင်န်အေ၊ဆင်ဟွာ

ဆိုမာလီမြို့တော် သုံးရက်မြောက်တိုက်ပွဲ သေဆုံးသူ ၈၀ကျော်အထိရှိလာ

မိုဂါဒစ်ရှူး ဩဂုတ် ၂၇

ဆိုမာလီယာမြို့တော်၌ ဩဂုတ်၂၆ရက်က သုံးရက်မြောက်နေ့အဖြစ် တိုက်ခိုက်မှုများပြုလုပ်ခဲ့သဖြင့် နှစ်ဦးသေဆုံးပြီး သုံးရက်တာတွင် သေဆုံးသူ ၈၀ကျော်ရှိခဲ့ကြောင်း၊ တိုက်ခိုက်ရေးသမားများက အစိုးရတပ်စွဲထားသည့်နေရာကို အလုံးအရင်းဖြင့် ထိုးစစ်ဆင်နေကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

ဒုံးကျည်နှင့် မော်တာကျည်များပစ်ခတ်မှုကြောင့် ဒေသခံများ ထွက်ပြေးတိမ်းရှောင်နေရပြီး စီးပွားရေးလုပ်ငန်းများလည်း ရပ်ဆိုင်းထားရသည်။ အယ်လ်ရှိဘ်ဒါအုပ်စုက အာဖရိကသမဂ္ဂ (အေယူ)ကို ဆန့်ကျင်ပြီး ဩဂုတ် ၂၃ရက်တွင် စစ်ကြေညာခဲ့ရာ တိုက်ခိုက်ရေးသမားအုပ်စုနှင့် အေယူတပ်ဖွဲ့တို့အကြား တိုက်ပွဲများ စတင်ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ (အင်တာနက်)

နှစ်ရက်ကြာပျောက်ဆုံးနေသော ငါးဖမ်းသမား ၁၀ဦးအား ကယ်ဆယ်နိုင်ခဲ့

ဟနွိုင်း ဩဂုတ် ၂၇

ဗီယက်နမ်နိုင်ငံတွင် တိုက်ခတ်ခဲ့သော မုန်တိုင်းကြောင့် နှစ်ရက်ကြာ ပျောက်ဆုံးနေသော ငါးဖမ်းသမား ၁၀ဦးကို ပြန်လည်တွေ့ရှိခဲ့ကြောင်း ရဲတပ်ဖွဲ့က ဩဂုတ် ၂၇ရက်တွင် ပြောကြားသည်။

အဆိုပါ ငါးဖမ်းသမားများမှာ ဩဂုတ် ၂၃ရက်က စတင်တိုက်ခတ်ခဲ့သော မုန်တိုင်းကြောင့် ငါးဖမ်းရေယာဉ်နှင့်အတူ ပျောက်ဆုံးခဲ့ရာ ၎င်းတို့နစ်မြုပ်ရာနေရာတွင် ငါးဖမ်းသမားများအား ကယ်ဆယ်နိုင်ရန် ရဟတ်ယာဉ်တစ်စင်း၊ ရေယာဉ်သုံးစင်းဖြင့် ရှာဖွေမှုများ ပြုလုပ်ခဲ့ကြသည်။ ငါးဖမ်းသမားသုံးဦးမှာ ဝါးလှေဖြင့် မျောပါသွားကာ ငါးဖမ်းသင်္ဘောနှစ်စင်းမှ တွေ့ရှိခဲ့ပြီး ဒန်နန်မြို့ အလယ်ပိုင်းရေတပ်ဌာနက ကယ်တင်ခဲ့ကြောင်း ရေတပ်ခေါင်းဆောင် တန်ဘွန်လောင်းက ပြောကြားခဲ့သည်။ ကျန်ခုနစ်ဦးကို လှေတစ်စင်းပေါ်မှ ကယ်တင်ခဲ့ပြီး ဆေးရုံတွင် ဆေးကုသမှုများ ပြုလုပ်နေကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ဩဂုတ် ၂၄ရက်က ဗီယက်နမ် အနောက်အလယ်ပိုင်းကမ်းခြေများတွင် တိုက်ခတ်ခဲ့သော မင်ဒူလီမုန်တိုင်းကြောင့် ၁၀ဦးသေဆုံးပြီး ၆၄ဦးဒဏ်ရာရရှိခဲ့သည်။ ယင်းမုန်တိုင်းကြောင့် လယ်မြေဧက ၁၅၈၀၀၀ပျက်စီးခဲ့ပြီး အိမ်ပေါင်း ၄၇၀၀၀ ပျက်စီးခဲ့သည်။ အမ်အင်န်အေ၊ဆင်ဟွာ

အာဖရိကအရှေ့ပိုင်း၌ ဆေးဝါးအတု ၁၀တန်ဖမ်းမိ

လိုင်ယွန် ဩဂုတ် ၂၇

အာဖရိကအရှေ့ပိုင်း၌ နိုင်ငံတကာရဲတပ်ဖွဲ့ (အင်တာပိုလ်)ဦးစီးလုပ်ရှားခဲ့သည့် မှုခင်းစစ်ဆင်ရေးကြီးတစ်ရပ်တွင် ဆေးဝါးပစ္စည်းအတု ၁၀တန်ဖမ်းဆီးနိုင်ခဲ့ပြီး ဖမ်းဆီးမှုပေါင်း ၈၀ကျော်ခဲ့ကြောင်း အင်တာပိုလ်က ဩဂုတ် ၂၆ရက်တွင် ပြောကြားခဲ့သည်။ (အောက်ပုံ)

ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ဆေးဝါးပစ္စည်းအတု တိုက်ဖျက်ရေး အထူးတပ်ဖွဲ့သည် ယူဂန္ဒာ၊ တန်ဇန်နီးယား၊ ရဝမ်ဒါ၊ ကင်ညာနှင့် ဘူရွန်ဒီနိုင်ငံများအတွင်းမှ ပြစ်မှုများကို ပစ်မှတ်ထားစစ်ဆင်ခဲ့ကြောင်း သိရသည်။ (အင်တာနက်)

အမေရိကန်နိုင်ငံ အတ္တလန္တာ စီးတီးနိုင်ငံတကာ လေကြောင်းပြပွဲတွင် ဘရာဇီးဂျက်လေယာဉ် များ သရုပ်ပြ ပျံသန်းနေမှုကို ဩဂုတ် ၂၆ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

ပေါင် ၆၀၀ကျော် ကိုယ်အလေးချိန်ရှိ အမျိုးသမီး

ဗန်ကောက် ဩဂုတ် ၂၇

ထိုင်းနိုင်ငံ ဗန်ကောက်မြို့တွင် လွန်ခဲ့သော သုံးနှစ်က နေအိမ်မှထွက်ခွာသွားသည့် ထိုင်းနိုင်ငံ၌ ကိုယ်အလေးချိန် အများဆုံးဟု ယူဆရသည့် ပေါင် ၆၀၃ ပေါင်ရှိ အမျိုးသမီးကြီးသည် နေအိမ်သို့ ပြန်လည် ရောက်လာကြောင်း အင်တာနက် သတင်းတစ်ရပ်၌ ဩဂုတ် ၂၆ရက်က ဖော်ပြသည်။

အဆိုပါအမျိုးသမီးမှာ အသက် ၄၀ အရွယ်ရှိ အမ်နုအာပရွန်းတောင်ပရာပိုင်း ဖြစ်သည်။ ၎င်းသည် ညာဘက်ခြေထောက် အကျိုးဖြစ်၍ ဗန်ကောက် မြို့တော်အာဏာပိုင်အဖွဲ့အား ဖုန်းဆက်အကြောင်း ကြားခဲ့သည်။

ပို့ပေး

၎င်းအား ဗန်ကောက်မြို့တော် မြူနီစီပယ် တာဝန်ရှိသူများက ဝန်ချီစက်ဖြင့် မယူပြီး ဆေးရုံမှ ဗန်ကောက်မြို့ ဆင်ခြေဖုံးရပ်ကွက်ရှိ ၎င်း၏ နေအိမ်တိုက်ခန်း တတိယထပ်သို့ ပို့ပေးခဲ့သည်ဟုဆိုသည်။ (ယာပုံ)

မိမိအနေဖြင့် ဝေးဝေးလံလံ မသွားနိုင်တော့ကြောင်း၊ သုံးနှစ်ကြာ အပြင်ထွက်နေသည်ဟု ဆိုခြင်းမှာလည်း မဟုတ်ကြောင်း၊ ယခုအခန်းမှာသာ နေထိုင်လျက်ရှိကြောင်း ၎င်းက သတင်းထောက်များအား ပြောကြားသည်။ (အင်တာနက်)

ပန်းချီကားအတု ၅၀၀ကျော် အီတလီတွင်ဖမ်းဆီး

ရောမ ဩဂုတ် ၂၇

အီတလီနိုင်ငံ ရောမမြို့၌ ပန်းချီကားအတု ၅၀၀ကျော်နှင့် လူ ၁၂ဦးကို ဖမ်းဆီးလိုက်ကြောင်း ဩဂုတ် ၂၅ရက်က အင်တာနက်သတင်းတစ်ရပ်တွင် ဖော်ပြသည်။

အဆိုပါ ဖမ်းဆီးလိုက်သူများမှာ ပန်းချီကားအတုလုပ်ပြီး ရောင်းချနေသူများဖြစ်ကြောင်း၊ ရဲအဖွဲ့က ၁၈လကြာ စုံစမ်းထောက်လှမ်းခဲ့ပြီးနောက် ဖမ်းဆီးလိုက်ခြင်းဖြစ်ကြောင်းသိရသည်။

ရေးသားဖော်ပြ

ယင်းပန်းချီကားများတွင် မာတစ်ဆေးနှင့် မာဂရက်တေးတို့၏ လက်ရာမြောက် ပန်းချီကားအတုများလည်း ပါဝင်ကြောင်း၊ တန်ဖိုးအားဖြင့် ယူရို ၈ဒသမ၈ သန်းရှိကြောင်း အင်ဆာသတင်းအေဂျင်စီက ရေးသားဖော်ပြသည်။

တစ်ခုသော အဝတ်ပန်းချီကား တစ်ချပ်မှာ ၁၉ရာစုခေတ်က ပန်းချီဆရာ တီအိုဖီလီပါတီနီ၏ ပန်းချီကားဖြစ်သည်။ တန်ဖိုးအားဖြင့် ယူရို ၆၀၀၀၀၀ ပေး၍ ဝယ်ယူခဲ့ကြောင်းသိရသည်။ အခြားပန်းချီကားတစ်ချပ်မှာ ပန်းချီဆရာ ဂူဒိုရေနီ၏ ကားဖြစ်သည်။ တန်ဖိုးအားဖြင့် ယူရို ၃၀၀၀၀၀တန်ဖိုးရှိသည်။

သိမ်းဆည်း

ရဲအဖွဲ့က အဆိုပါ ပန်းချီကားအတု စုဆောင်းသူများ၏ နေအိမ်များကို အွန်လိုင်းမှတစ်ဆင့် စုံစမ်းထောက်လှမ်းပြီး သိမ်းဆည်းခဲ့ကြောင်း သိရသည်။ (အင်တာနက်)



ဩဂုတ် ၂၆ရက်က မော်စကိုကားပြပွဲ၌ ပြသထားသော အီလက်ထရွန်နစ် ကားတစ်စီးကို တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

ရှေးဟောင်းအိုအေစစ် ကုန်သွယ်ရေးဌာန အီဂျစ်နိုင်ငံ၌ တွေ့ရှိ

ကိုင်ရို ဩဂုတ် ၂၇

လွန်ခဲ့သည့် နှစ်ပေါင်း ၃၅၀၀က သဲကန္တာရအိုအေစစ် ကုန်သွယ်ရေးအချက်အချာဌာနတစ်ခုကို အီဂျစ်နိုင်ငံ၌ တွေ့ရှိရကြောင်း အီဂျစ်ရှေးဟောင်း သုတေသနဌာနက ဩဂုတ် ၂၆ရက်တွင် ထုတ်ဖော်ကြေညာသည်။

တူးဖော်

အီဂျစ်နိုင်ငံ ကိုင်ရိုမြို့တော် တောင်ဘက်မိုင် ၃၀၀ ကျော်ရှိ ခါကာအိုအေစစ်အတွင်း ယင်းကုန်သွယ်ရေးဌာနကို တူးဖော်တွေ့ရှိခြင်းဖြစ်သည်။ ဟေးလ်တက္ကသိုလ် စူးစမ်းလေ့လာရေးအဖွဲ့တစ်ဖွဲ့က ယင်းနေရာကို ပြီးခဲ့သည့် နှစ်ကတည်းက တူးဖော်ခဲ့သည်ဟုဆို၏။

ဤရှေးဟောင်း ကုန်သွယ်ရေးဌာနသည် အီဂျစ်ယဉ်ကျေးမှု အစောပိုင်းခေတ်က မြေထဲပင်လယ်မှ ဆူဒန်သို့ သွားသည့်လမ်းများဆုံရာ၌ တည်ရှိကြောင်းကိုလည်း တွေ့ရသည်ဟု သတင်းတွင် ဖော်ပြပါရှိသည်။ (အင်တာနက်)

ဗင်နီဇွဲလားတွင် ရွှေတွင်းပိတ်မိ၍ လုပ်သားခြောက်ဦးသေဆုံး

ကရာကက် ဩဂုတ် ၂၇

ဗင်နီဇွဲလားနိုင်ငံ အရှေ့ပိုင်း၌ စွန့်ပစ်ထားသော ရွှေတွင်းတစ်တွင်း ဩဂုတ်၂၅ရက်ညကပြိုကျသဖြင့် တရားမဝင် သတ္တုတွင်းတူးသမားခြောက်ဦး သေဆုံးပြီး နှစ်ဦးဒဏ်ရာရသွားကြောင်း ဗင်နီဇွဲလား စက်မှုနှင့်သတ္တုတွင်းဝန်ကြီး ဟိုဆေးခန်က ဗွီတီဗွီ ရုပ်မြင်သံကြားဌာနသို့ ဩဂုတ် ၂၆ရက်က ပြောကြားသည်။

ခိုးတူး

ဗင်နီဇွဲလား၌ တောနက်သော နေရာများတွင် ဘေးအန္တရာယ်ကင်းသည့် စံချိန်မမီဘဲ သတ္တုများ ခိုးတူးနေကြသည်ဟု ၎င်းက ပြောကြားသည်။

တားဆီး

ထိုသို့သော မတော်တဆဖြစ်ပွားမှုများ မပေါ်ပေါက်မီကပင် သတ္တုတွင်းတူး သမားများကို ရှာဖွေတားဆီးရန် သမ္မတဟူဂိုချာဗက်ဇ်က အမိန့်ပေးထားကြောင်း သတင်းတွင် ဖော်ပြထားသည်။ အမ်အင်န်အေ၊ဆင်ဟွာ

တရုတ်နိုင်ငံ အနောက်မြောက်ပိုင်း ဂန်ဆုပြည်နယ် ကျို့ကျူဒေသ၌ ရေဘေးဒဏ်ခံရသော မိသားစုများအား နေရာချထားပေးမှုကို ဩဂုတ် ၂၆ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

နောက်ဆုံးရနိုင်ငံတကာသတင်းများ

➢ အာကာကျော်-စုစည်းသည် ➣

ပါကစ္စတန်တောင်ပိုင်း၌ မြို့ကြီးအချို့ဆက်လက်ရေကြီးနိုင်

ပါကစ္စတန်နိုင်ငံတောင်ပိုင်းရှိ မြို့ကြီးအချို့၌ ဆက်လက်ရေကြီးနိုင်သဖြင့် ထောင်ပေါင်းများစွာသော ဒေသခံပြည်သူများအား ဘေးကင်းရာသို့ပြောင်းရွှေ့ရန် အစိုးရကသတိပေးထားပြီး ဩဂုတ် ၂၇ ရက်က ထပ်မံနှိုးဆော်တိုက်တွန်းထားသည်။ ***(အပေါ်ပုံ)*** *မုတ်သုံမိုးများအဆက်မပြတ်ရွာသွန်းပြီး အင်ဒုဇ်မြစ်ရေလျှံခဲ့သဖြင့် ကျေးရွာအများအပြားနှင့်လယ်မြေများစွာ ရေလွှမ်းခဲ့ရသည်။ ရေကြီးမှုများ ဆက်တိုက်ဖြစ်ပွားနေ၍ လယ်မြေဧက ၂ ဒသမ ၆ သန်းပျက်စီးဆုံးရှုံးကာ အမေရိကန်ဒေါ်လာ ၂ ဒသမ ၃၅ ဘီလီယံဖိုး ထိခိုက်ခဲ့သည်။ ပါကစ္စတန်နိုင်ငံရှိ ခရိုင် ၇၅ခရိုင်အတွင်း လူဦးရေ ၁၇သန်း ရေဘေးဆက်လက်ကြုံနေရပြီး နေအိမ် ၁ ဒသမ ၂ သန်း ပျက်စီးခဲ့ရသည်။* ***(သတင်းဌာန)***

အာဖဂန်ဈေးအတွင်းဗုံးပေါက်ကွဲ

အာဖဂန်နစ္စတန်နိုင်ငံမြောက်ပိုင်း လူစည်ကားရာ ဈေးတစ်ဈေးအတွင်း ဩဂုတ် ၂၇ရက်က လမ်းဘေးဗုံးတစ်လုံး ပေါက်ကွဲခဲ့သဖြင့် ရဲတပ်ဖွဲ့ဝင်သုံးဦးနှင့် အရပ်သားနှစ်ဦး သေဆုံးခဲ့ကြောင်း ရဲအရာရှိတစ်ဦးက ပြောကြားသည်။ အဆိုပါ ပေါက်ကွဲမှုသည် ကွန်ဒုဇ်ပြည်နယ် အာချီမြို့၌ ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး အခြားအရပ်သား ၁၅ ဦးလည်း ထိခိုက်ဒဏ်ရာ ရရှိသွားသည်။ ကွန်ဒုဇ်မြို့သည် ကဘူးလ်မြို့မြောက်ဘက် မိုင်၁၅၀အကွာတွင် တည်ရှိသည်။
(သတင်းဌာန)

အိန္ဒိယ၌ ဖောက်ခွဲရေးပစ္စည်း ၈၄၈တန်ပျောက်ဆုံး

အိန္ဒိယနိုင်ငံအလယ်ပိုင်း မက်ယာပရာဒက်ရှ်ပြည်နယ်၌ ဖောက်ခွဲရေးပစ္စည်းတန်ချိန် ၈၄၈ တန် ပျောက်ဆုံးခဲ့ကြောင်း၊ ယင်းအတွက် စုံစမ်းနေကြောင်း ဩဂုတ် ၂၇ ရက်တွင် ရဲတပ်ဖွဲ့က ပြောကြားသည်။ အဆိုပါ ဖောက်ခွဲရေးပစ္စည်းများမှာ ရာဂျက်စတန်ပြည်နယ်မှ မက်ယာပရာဒက်ရှ်ပြည်နယ်သို့ မော်တော်ယာဉ် ၁၆၄စီးဖြင့် ပို့ခဲ့ရာ လမ်းခုလတ်တွင် ပျောက်ဆုံးခဲ့ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။ ၎င်းဖောက်ခွဲရေးပစ္စည်းများမှာ ရာဂျက်စတန်ပြည်နယ်ရှိ ဒိုပါစက်ရုံမှ ထုတ်လုပ်ခဲ့ခြင်းဖြစ်သည်ဟု ဆိုသည်။ ၎င်းပစ္စည်းများမှာ မေလနောက်ပိုင်းမှစပြီး ပျောက်ဆုံးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ ***(သတင်းဌာန)***



ကမ္ဘာဂြိုဟ်တမျှ ကြီးမားသော ဂြိုဟ်တွေ့ရှိ

လူသားများနေထိုင်ရာ ကမ္ဘာဂြိုဟ်၏အရွယ်အစားတမျှ ကြီးမားလှသောဂြိုဟ်တစ်လုံး(ယာပုံ)***ကို နာဆာသိပ္ပံပညာရှင်များက တွေ့ရှိထားကြောင်း ဩဂုတ် ၂၇ရက်က ဆင်ဟွာသတင်းတွင် ဖော်ပြသည်။ အဆိုပါဂြိုဟ်ကို နေနှင့်တူသော ကြယ်တာရာများလည်း လှည့်ပတ်နေကြောင်း၊ ၎င်းဂြိုဟ်သည် ကမ္ဘာမြေမှ အလင်းနှစ် ၂၀၀၀ ကျော်အကွာတွင် တည်ရှိကြောင်း နာဆာအဖွဲ့က ပြောကြားသည်။***
(သတင်းဌာန)

ချီလီသတ္တုမိုင်းလုပ်သားများ အသက်ရှင်ဆဲတွေ့ရ

ချီလီနိုင်ငံ ဆန်ဂျို့စ်ဒေသရှိ သတ္တုမိုင်းတွင်းတစ်တွင်း ဩဂုတ် ၅ရက်က ပြိုကျခဲ့ပြီးနောက် သတ္တုမိုင်းလုပ်သား ၃၃ဦး မိုင်းတွင်း၌ ပိတ်မိနေသော်လည်း အသက်ရှင်လျက်ရှိနေဆဲဖြစ်ကြောင်း ဩဂုတ် ၂၇ရက်က ဗီဒီယိုမှတ်တမ်းဖြင့် ပြသခဲ့သည်။ မိုင်းလုပ်သားအများစုမှာ အင်္ကျီများဝတ်မထားကြကြောင်း၊ မုတ်ဆိတ်များရှည်ပြီး ပိန်လှီနေကြပြီဖြစ်ကြောင်း ချီလီကျန်းမာရေးဝန်ကြီးက ပြောကြားသည်။ ယင်းမိုင်းလုပ်သားများသည် အဆိုပါမိုင်းတွင်း လုပ်ကွက်ရှိ မိုင်းတွင်းတစ်တွင်း၏ မြေအောက် မီတာ ၇၀၀ ခန့်တွင် ပိတ်မိနေခြင်းဖြစ်သည်။ ယင်းတို့အားကယ်တင်ရန် အနည်းဆုံး လေးလကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။ ***(သတင်းဌာန)***

ဗန်ကောက်မြို့လယ်တွင် ဗုံးပေါက်ကွဲ

ထိုင်းနိုင်ငံမြို့တော် ဗန်ကောက်မြို့လယ်တွင် ဩဂုတ် ၂၇ရက်က ဗုံးတစ်လုံးပေါက်ကွဲခဲ့ရာ အနည်းဆုံး လူတစ်ဦးထက်မနည်း ဒဏ်ရာပြင်းထန်စွာရရှိခဲ့ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။ အဆိုပါ ဗုံးပေါက်ကွဲမှုသည် မကြာသေးမီက လက်ပစ်ဗုံးဖြင့် တိုက်ခိုက်ခဲ့သည့်နေရာနှင့် မလှမ်းမကမ်းတွင်ရှိပြီး အကောက်ခွန်မဲ့စတိုးဆိုင်အနီး၌ ဖြစ်သည်။ ဗန်ကောက်တွင် ပြီးခဲ့သည့်လကလည်း အလားတူဗုံးပေါက်ကွဲမှု သုံးကြိမ်ဖြစ်ပွားခဲ့ကြောင်း သိရသည်။
(အင်တာနက်)

❐ *ကျောက်ဖုံးမှ*

အဓိကကုန်ကြမ်းဖြစ်သော ကြိမ်ကို ကချင်ပြည်နယ်၊ စစ်ကိုင်း၊ မုံရွာ၊ ဗန်းမော်၊ ရေဦး၊ မြစ်ကြီးနား၊ ခန္တီးနှင့် တနင်္သာရီ၊ ထားဝယ်တို့မှရရှိသည်။ ထိုဒေသမှ ထွက်ရှိသော ကြိမ်များကို မန္တလေးနှင့်ရန်ကုန်မြို့ရှိ ကြိမ်စက်ရုံများသို့ သယ်ယူပို့ဆောင်ကြရသည်။ ရေကြည်မြို့နယ်မှ အသုံးပြုထုတ်လုပ်သော ကြိမ်အမျိုးအစားမှာ ရေကြိမ်ဖြစ်သည်။

ကြိမ်နန်းမျှင်

ကြိမ်စက်ရုံများသို့ သယ်ယူပေးထားသောကြိမ်များကို ခေတ်မီစက်ကိရိယာများဖြင့် ကြိမ်ချောထည်ပစ္စည်းများပြုလုပ်ရန်အတွက် ရှေးဦးစွာ ကြိမ်အူချောင်းနှင့် ကြိမ်နန်းမျှင်ပြုလုပ်ယူကြရသည်။

အချောထည်ပြုလုပ်ရန်အတွက် အလျား ၁၀ပေ၊ လုံးပတ် ၅ မီလီမီတာမှ ၁၃မီလီမီတာအထိ အရွယ်အစားအမျိုးမျိုး ထုတ်ယူကြရသည်။

ကြိမ်လုံး၏ အပေါ်ယံအကြောကို နန်းမျှင်အဖြစ်အသုံးပြုရန် အရွယ်မျိုးစုံ ထုတ်လုပ်ပြီး ကြိမ်ထည်ပစ္စည်းများတွင် ကြိမ်ထိုးနန်းအဖြစ် အသုံးပြုကြရသည်။

တင်ပို့ရောင်းချ

ယခင်က ကြိမ်အချောထည်ပစ္စည်းများကို ပြည်နယ်နှင့်တိုင်းဒေသကြီးအသီးသီးသို့ လှည့်လည်ရောင်းချခဲ့ကြသော်လည်း ယခုအခါ ရန်ကုန်မြို့ရှိ ဈေးကွက်များသို့ တင်ပို့ပြီး ပြည်ပခရီးသည်များ တွေ့ရှိကာ စိတ်ဝင်စားမှု ရှိလာကြသည်။ ကုမ္ပဏီ ၁၂ခုတို့က ပြည်ပဧည့်သည်များ အကြိုက် ကြိမ်ချောပစ္စည်း အမျိုးမျိုးကို မှာကြားလာ၍ ထုတ်လုပ်တင်ပို့ရောင်းချနိုင်ခဲ့သဖြင့် နှစ်စဉ် နိုင်ငံခြားဝင်ငွေများ ရရှိလျက်ရှိသည်။

မြို့နယ်ကြိမ်လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးခင်မောင်ထွန်းက မှာကြားထားသော ကြိမ်ချောထည်များအား ရှင်းလင်းပြသစဉ်။

ရေကြည်မြို့နယ်တွင် ကြိမ်လုပ်ငန်းရှင် ၅၀၊ အခြေစိုက်ကုမ္ပဏီနှစ်ခု၊ ကြိမ်လုပ်ငန်းလုပ်ကိုင်ကြသူ ၆၀၀၀ ကျော်တို့ဖြင့် ကြိမ်အချောထည်လုပ်ငန်းကို လုပ်ကိုင်လျက်ရှိကြောင်း ကြိမ်လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးခင်မောင်ထွန်းက မြန်မာ့အလင်းသို့ ရှင်းပြသည်။

တိုးတက်မြင့်မား

ထို့ကြောင့် ရေကြည်မြို့နယ်မှ ကြိမ်လုပ်သားများ၏လုပ်အားဖြင့် လစဉ်၊ နှစ်စဉ် နိုင်ငံတော်အတွက် နိုင်ငံခြားဝင်ငွေရှာပေးနိုင်ခဲ့သလို ၎င်းတို့၏ လူမှုစီးပွားဘဝမှာလည်း တိုးတက်မြင့်မားလျက်ရှိကြောင်း ရေးသားဖော်ပြလိုက်ရပါသည်။ ။

(မြန်မာ့အလင်း)

ကြိမ်ပင်လုံးသားမှ ကြိမ်နန်းမျှင်ကို ဤကဲ့သို့ သင်ယူကြရသည်။

ယာဉ်၊ လမ်းစည်းကမ်း ပညာပေးဟောပြောပွဲ ဟသ်ာတ၌ ကျင်းပ

ဟင်္သာတ ဩဂုတ် ၂၇

ဟင်္သာတမြို့ အမှတ်(၅) အခြေခံပညာအလယ်တန်းကျောင်း ကျောင်းသားကျောင်းသူများအား ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြောပွဲကို အဆိုပါကျောင်းခန်းမ၌ ဩဂုတ် ၂၀ ရက် မွန်းလွဲ ၂ နာရီကကျင်းပရာ ဟင်္သာတခရိုင်ပညာရေးမှူး ဒေါ်အုံးနွဲ့၊ ဥပဒေအရာရှိ ဦးခင်မောင်မြင့်၊ ဟင်္သာတမြို့နယ် ယာဉ်ထိန်းတပ်ဖွဲ့မှ ရဲအုပ်ဇော်ဇော်နှင့် ဖိတ်ကြားထားသူများ၊ ကျောင်းသား ကျောင်းသူများ စုံညီစွာ တက်ရောက်ကြသည်။

ရှေးဦးစွာ ခရိုင်ပညာရေးမှူး ဒေါ်အုံးနွဲ့က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြောပွဲ ကျင်းပရခြင်းကို ရှင်းလင်းပြောကြားပြီး **(အပေါ်ပုံ)** ဥပဒေအရာရှိ ဦးခင်မောင်မြင့်က ဥပဒေရေးရာ အကြောင်းအရာများနှင့် ယာဉ်ထိန်းတပ်ဖွဲ့မှ ရဲအုပ်ဇော်ဇော်၊ ဒုရဲအုပ် ထွန်းအောင်ချိုတို့က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းအကြောင်း သိကောင်းစရာများကို ဟောပြောကြကြောင်း သိရသည်။ (၁၇၇)

တိုးချဲ့ပြုပြင်

ကလောမြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ဆောင်ရွက်လျက်ရှိသော မြို့သာယာလှပရေးလုပ်ငန်းများနှင့် ဘူတာလမ်း ကွန်ကရစ်တံတား တိုးချဲ့ပြုပြင်ခြင်းလုပ်ငန်းကို ရှမ်းပြည်နယ် (တောင်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးစိုးသန်းနှင့်အဖွဲ့ ကွင်းဆင်းစစ်ဆေးရာ တာဝန်ခံအင်ဂျင်နီယာက ရှင်းလင်းတင်ပြစဉ်။
(မြို့နယ်စည်ပင်)

ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီးနှင့်အဖွဲ့ ဝန်ကြီး ဦးခင်မောင်မြင့်အား လာရောက်တွေ့ဆုံ

နေပြည်တော် ဩဂုတ် ၂၇

အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်မြင့်အား ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr .Cho Byung-Jae နှင့်အဖွဲ့သည် ဩဂုတ် ၂၅ရက် ညနေ ၄နာရီက နေပြည်တော်ရှိ ဝန်ကြီး၏ ဧည့်ခန်းမသို့လာရောက်တွေ့ဆုံ၍ လျှပ်စစ်ဓာတ်အားကဏ္ဍ၌ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

တက်ရောက်

ထိုသို့တွေ့ဆုံရာတွင် အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့်၊ ဦးဆောင်ညွှန်ကြားရေးမှူး (ငြိမ်း)နှင့် ကျွမ်းကျင်သူ ဒေါက်တာစန်းဦး၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးအောင်သန်းဦး၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးမြင့်အောင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာပိုင်စိုး သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်(ရန်ကုန်) အစည်းအဝေးခန်းမ၌ ပါမောက္ခချုပ်နှင့် ပါမောက္ခဌာနမှူးများအား အမှာစကား ပြောကြားစဉ်။ (ကျန်းမာရေး)

စမ်းချောင်းမြို့နယ် ပန်းလှိုင်လမ်း ပန်းလှိုင်အဆင့်မြင့်အိမ်ရာ တိုက် (S-6) နေ ဦးဝင်းလွင် (အထွေထွေမန်နေဂျာ၊ ငြိမ်း၊ မြန်မာ့သစ်လုပ်ငန်း)-ဒေါ်သန်းသန်းညွန့်၊ သမီး ဒေါက်တာကေခိုင်ဝင်း၊ ဒေါက်တာဝင်းစန္ဒာထွဋ် မိသားစုက ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် အမှတ်(၂) အဝေးပြေးလမ်းမကြီးပေါ်ရှိ ဦးလှထွန်း မေတ္တာရိပ်မွန် ကင်ဆာဖောင်ဒေးရှင်း အတွင်းလူနာ(ကင်ဆာ)ဇဟိုသို့ အလှူငွေ ကျပ်တစ်သိန်း လှူဒါန်းရာ အတွင်းရေးမှူး ဦးထွန်းအေးနှင့် အဖွဲ့ဝင် ဦးမောင်မောင်အောင်တို့ လက်ခံယူစဉ်။
(ကင်ဆာဖောင်ဒေးရှင်း)

လူနာများအား အရည်အသွေးပြည့်ဝသည့် ကျန်းမာရေးစောင့်ရှောက်မှုပေး ဆေးပညာရပ်ဆိုင်ရာနှင့် ဆေးပစ္စည်းကိရိယာများ ပြည့်စုံရန် ဆောင်ရွက်

ရန်ကုန် ဩဂုတ် ၂၇

ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာပိုင်စိုးသည် ယမန်နေ့ နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး သင်္ဃန်းကျွန်းမြို့နယ် သံသုမာလမ်းရှိ သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်(ရန်ကုန်) အစည်းအဝေးခန်းမ၌ ပါမောက္ခချုပ်နှင့် ပါမောက္ခဌာနမှူးများအား တွေ့ဆုံသည်။

မှာကြား

တွေ့ဆုံပွဲတွင် ဒုတိယဝန်ကြီးက တင်ပြချက်များနှင့် စပ်လျဉ်း၍ လုပ်ငန်းလိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးပြီး လူနာများအား အရည်အသွေးပြည့်ဝသည့် ကျန်းမာရေးစောင့်ရှောက်မှုတွင် ကုသမှု၊ ဆေးပညာရပ်ဆိုင်ရာနှင့် ဆေးပစ္စည်းကိရိယာများ ပြည့်စုံရမည့်အပြင် ပြေပြစ်စွာ ဆက်ဆံပြောဆိုကုသပေးခြင်းသည်လည်း အရေးကြီးကြောင်း မှာကြားသည်။

အားပေးစကားပြောကြား

ထို့နောက် သွားနှင့်ခံတွင်းဆေးပညာဌာန၊ သွားဖုံးရောဂါကုဌာနနှင့် ကလေးသွားကျန်းမာရေးဌာနတို့ကို ကြည့်ရှုစစ်ဆေးပြီး မေးရိုးခံတွင်း ခွဲစိတ်ကုပညာဌာန သင်ကြားရေးဆေးရုံ၌ တက်ရောက် ကုသမှုခံယူနေကြသော လူနာများအား အားပေးစကား ပြောကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဒစ်ဂျစ်တယ်မိတ္တူကူးစက်များ အထူးဈေးရောင်းပွဲ ကျင်းပမည်

e-STUDIO

ရန်ကုန် ဩဂုတ် ၂၇

e-STUDIO အမှတ်တံဆိပ် Toshiba ဘက်စုံသုံး ဒစ်ဂျစ်တယ်မိတ္တူကူးစက်များကို တစ်ဦးတည်းကိုယ်စားလှယ်အဖြစ် တင်သွင်းရောင်းချနေသော Lucky Bird Trading Co., Ltd. သည် လျှော့ဈေးများ၊ လက်ဆောင်ပစ္စည်းများဖြင့် ရန်ကုန်၊ နေပြည်တော်နှင့် မန္တလေးမြို့များ၌ တစ်ပြိုင်တည်း ရောင်းချပေးသွားမည်ဖြစ်သည်။

မှာယူပေးမည်

အဆိုပါ ဈေးရောင်းပွဲတွင် ဘဏ်ကြီးများ၊ ကုမ္ပဏီ၊ ဌာနဆိုင်ရာ အဖွဲ့အစည်းများ၊ သင်တန်းကျောင်းများ၊ e- STUDIO 181၊ e- STUDIO 202s နှင့် e- STUDIO 207 အမျိုးအစားများကို အရေအတွက် အကန့်အသတ်ဖြင့် ရောင်းချ ပေးသွားမည်ဖြစ်သည်။ အဆိုပါ မိတ္တူကူးစက်များသည် ကွန်ပျူတာနှင့် ချိတ်ဆက်ပြီး Print ထုတ်ခြင်း၊ Scan ဖတ်ခြင်းတို့ကိုပါ အသင့်ဆောင်ရွက်နိုင်သည်။ အဆိုပါ အမျိုးအစားများအပြင် Solution ပါရှိသော အဆင့်မြင့်မိတ္တူကူးစက်များ၊ Heavy Duty မိတ္တူကူးစက်များ၊ ကာလာမိတ္တူကူးစက်များကို မှာယူလိုပါကလည်း အထူးနှုန်းထားများဖြင့် မှာယူပေးမည်ဖြစ်သည်။

ထို့အပြင် Toshiba မိတ္တူကူးစက်များကို လက်ရှိသုံးစွဲနေသူများအတွက်လည်း Toner များကို ဈေးနှုန်းများလျှော့ချရောင်းပေးမည့်အပြင် အာမခံသက်တမ်းကျော်လွန်သွားသော စက်များကိုလည်း Toner တစ်တောင့်ဝယ်ယူတိုင်း Maintenance Service တစ်ကြိမ် အခမဲ့ဆောင်ရွက်ပေးသွားမည်ဖြစ်သည်။

အာမခံရရှိ

Toshiba e-STUDIO ဒစ်ဂျစ်တယ်မိတ္တူကူးစက်များ၏ အားသာချက်များမှာ 100% Toner Recycle နည်းပညာပါရှိသောကြောင့် Toner လေလွင့်ဆုံးရှုံးမှုလုံးဝမရှိတော့ဘဲ Toner ကုန်သည်အထိ ကူးယူနိုင်ခြင်း၊ Drum၊ Heater အစရှိသော အစိတ်အပိုင်းများ၏ သက်တမ်းကြာရှည်ခံခြင်းနှင့် တစ်နှစ်အပြည့်အဝ အာမခံရရှိခြင်းတို့ကြောင့် ပြုပြင်ထိန်းသိမ်းစရိတ် အလွန်သက်သာသွားခြင်း၊ Print ထုတ်သောနှုန်းသည် မိတ္တူဆွဲသော နှုန်းအတိုင်းသာဖြစ်ခြင်း၊ Toner နှင့် လိုအပ်သောအပိုပစ္စည်းများကို အချိန်နှင့်တစ်ပြေးညီ အသင့်သိုလှောင်ထားပေးခြင်း၊ လျှပ်စစ်အားချွေတာစေသော နည်းစနစ်ပါရှိသဖြင့် မီးဆွဲအားနှင့် မီတာခသက်သာစေခြင်း၊ စက်၏ Down- time လျော့ကျစေရန် ကျွမ်းကျင် Technician များနှင့် လစဉ်ပုံမှန်ကြွခိုင်မှု စစ်ဆေးပေးခြင်းတို့ဖြစ်သည်။

လေ့လာဝယ်ယူနိုင်

အထူးဈေးရောင်းပွဲကာလမှာ စက်တင်ဘာ ၁ရက်မှ ၂၀ရက်အထိဖြစ်ပြီး စိတ်ဝင်စားသူများအနေဖြင့် အမှတ် ၃၅၅ သိမ်ဖြူလမ်း မင်္ဂလာတောင်ညွန့်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၂၄၈၀၆၇၊ ၃၇၉၈၇၅၊ ၃၉၉၀၁၁၊ အမှတ် ၅၂၆ လမ်း ၇၈လမ်းနှင့် ၇၉လမ်းကြား မန္တလေးမြို့ ဖုန်း-၀၂-၂၁၅၂၇နှင့် အနောက်မြောက်ထောင့် သပြေကုန်းဈေး နေပြည်တော် ဖုန်း-၀၆၇-၄၁၄၁၁၃တို့ ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

မင်္ဂလာကန်တော်ကြီး တူးဖော်ရေး အလှူငွေပေးအပ်

ရန်ကုန် ဩဂုတ် ၂၇

ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ် ၆/ အနောက်ရပ်ကွက်ရှိ အများပြည်သူသောက်သုံးလျက်ရှိသော မင်္ဂလာကန်တော်ကြီး ကန်တူး၊ကန်ဆယ်လုပ်ငန်းအတွက် အလှူငွေပေးအပ်ပွဲကို ဩဂုတ် ၂၃ရက်က သာကေတမြို့နယ် စည်ပင်သာယာရေးကော်မတီ အုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဂုဏ်ပြုလွှာပေးအပ်

အခမ်းအနားတွင် မင်္ဂလာတောင်ညွန့်မြို့နယ် ၁၀၈လမ်း အမှတ် ၃၈နေ ဦးဝင်းကြူ-ဒေါ်စန္ဒာဦးမိသားစုက အလှူငွေကျပ်တစ်သိန်းကို ပေးအပ်လှူဒါန်းရာ **(ယာပုံ)** ကန်တူးဖော်ရေးကော်မတီ အမှုဆောင်နာယက ဦးအောင်ကျော်ညွန့်၊ အတွင်းရေးမှူး ဦးအောင်အောင်နှင့် ဘဏ္ဍာရေးမှူး ဦးသက်တင်တို့က လက်ခံယူကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများကို ပြန်လည်ပေးအပ်သည်။ အလှူငွေများ ဆက်သွယ်လှူဒါန်းလိုပါက မြို့နယ်စည်ပင်သာယာရေးကော်မတီ အုပ်ချုပ်ရေးမှူးရုံး ဖုန်း-၅၅၆၈၅၇နှင့် ၀၉-၅၁-၈၇၀၇၀တို့သို့ ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သိရသည်။ **(၁၁၆)**

မြို့သန့်ရှင်းသာယာရေး

ထန်းတပင်မြို့ သန့်ရှင်းသာယာလှပရေးအတွက် ကွက်သစ်လမ်းတွင် ပလက်ဖောင်း ကပ်တုံးများ ဆေးသုတ်ခြင်း၊ ပန်းအလှပင်များစိုက်ပျိုးခြင်း၊ အရိပ်ရပင်များ ညီညာအောင်ပုံဖော်ခြင်း၊ ရေစီးရေလာကောင်းရေး ရေနုတ်မြောင်းများ တူးဖော်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ရာ ဇူလိုင်၂၀ရက်က အမှုဆောင်အရာရှိ ဦးတင်ဇော်လင်း ကြီးကြပ်၍ဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)

ရေးမြို့နယ်၌ သဘာဝရေပြင်များအတွင်း ငါးမျိုးစိုက်ထည့်

ရေး ဩဂုတ် ၂၇

မွန်ပြည်နယ် ငါးလုပ်ငန်းဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် သဘာဝရေပြင်များအတွင်းသို့ ငါးမျိုးစိုက်ထည့်ခြင်းအခမ်းအနားကို ဩဂုတ် ၂၄ရက် နံနက်၁၀နာရီက ရေးမြို့နယ် မြကန်သာကျုံး သဘာဝရေပြင်၌ကျင်းပရာ အခမ်းအနားသို့ ရေးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးနေထွန်းအောင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်၊ ရပ်ကွက် လူမှုရေးအသင်းအဖွဲ့များ၊ မြို့ပေါ်ရပ်ကွက် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများ၊ ပြည်နယ်ငါးလုပ်ငန်းဦးစီးဌာန ဒုတိယဦးစီးမှူး ဦးစိုးမြင့်သိန်း၊ ရေးမြို့နယ်ငါးလုပ်ငန်းဦးစီးဌာန ဦးစီးမှူး ဦးသိန်းသန်းနှင့် ဝန်ထမ်းများက ငါးမျိုးများ စိုက်ထည့်ပေးကြသည်။ **(အပေါ်ပုံ)**

မျိုးစိုက်ထည့်

၂၀၁၀-၂၀၁၁ဘဏ္ဍာရေးနှစ်တွင် ရေးမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနက သဘာဝရေပြင်များအတွင်းသို့ ငါးမြစ်ချင်းငါးသားပေါက် ကောင်ရေငါးသောင်းကျော်ကို မျိုးစိုက်ထည့်ပေးခဲ့ကြောင်း သိရသည်။ **(မြို့နယ်ငါးလုပ်ငန်းဦးစီး)**

ငါးရစ် ငါးသန် ဘေးမဲ့ချန် ပုံမှန်စားသုံး မျိုးမသုဉ်း

✻ *ရှေ့ဖုံးမှ*

သတင်းအဖွဲ့ ရတနာပုံမြို့သစ် ကိုယ်ပိုင်အိမ်ရာစီမံကိန်း (မြောက်ပိုင်း) တည်ဆောက်ရေးလုပ်ငန်းသို့ ရောက်ရှိခဲ့သည်။ အမှတ်-အေ ကွန်ကရစ်လမ်းမကြီးအတိုင်းဝင်ရောက်လာခဲ့ရာ လမ်းဘေးဝဲယာပလက်ဖောင်းများ၊ လမ်းလယ်ကျွန်း၌ ပန်းအလှပင်ပျိုးထောင်ပြုစုထားမှုများကို တွေ့မြင်ရသည်။ ညီညာပြန့်ပြူးနေသော ကွန်ကရစ်လမ်းများကလည်း ရာနှုန်းပြည့်နီးပါး ခင်းထားပြီးဖြစ်သဖြင့် သွားလာရေး အဆင်ပြေနေပြီဖြစ်သည်။

လျှပ်စစ်ထရန်စဖော်မာ

လျှပ်စစ်ထရန်စဖော်မာဖြင့် အိမ်များကို ဓာတ်အားပေးရန် အသင့်ရှိနေပြီ ....။

ပြီးစီးနေ

ရတနာပုံမြို့သစ် ကိုယ်ပိုင်အိမ်ရာစီမံကိန်း(မြောက်ပိုင်း) တည်ဆောက်ခြင်းလုပ်ငန်းများဖြစ်သည့် ဆက်သွယ်ရေး၊ ဓာတ်အားတိုင်များ စိုက်ထူသွယ်တန်းရေးနှင့် သောက်သုံးရေဖြန့်ဝေပေးနိုင်မှုလုပ်ငန်းများလည်း ပြီးစီးနေပြီဖြစ်သည်ကို မြင်တွေ့ရသည်။

စိတ်တိုင်းကျ

ရတနာပုံမြို့သစ် ကိုယ်ပိုင်အိမ်ရာစီမံကိန်း (မြောက်ပိုင်း)မှာ မြေဧရိယာအကျယ်အဝန်း ၄၂၆ ဧက လျာထားသတ်မှတ်ထားသော်လည်း ကျောက်သားလျှို ဧရိယာမှာ ၄၃ဧက ရှိနေသည်။ ထို့ကြောင့် အိမ်ရာမြေများ တည်ဆောက်နိုင်မှု အကျယ်အဝန်းမှာ ၃၈၃ဧကရှိသည်။ မြေနေရာမှာလည်း တောင်တန်းတောင်ကြောပေါ်တွင် တည်ရှိနေသဖြင့် အေးချမ်းပြီး မြူခိုးများဝေ့ဆိုင်းနေသည့် ရှမ်းတောင်တန်းများအလှကို စိတ်တိုင်းကျ ခံစားနိုင်သောနေရာ ဖြစ်သည်။

ဒီဇိုင်းလှပ

ရတနာပုံမြို့သစ် ကိုယ်ပိုင်အိမ်ရာ စီမံကိန်း (မြောက်ပိုင်း)တွင် ပေ၁၀၀ပတ်လည် အိမ်မြေကွက် ၁၆၃ကွက်၊ ပေ ၁၂၀ ပတ်လည်မြေကွက် ၃၃၃ကွက် ဖော်ထုတ်ထားပြီးဖြစ်ရာ စုစုပေါင်းမြေကွက် ၄၉၆ ကွက်ရှိသည်။ နေအိမ်များတည်ဆောက်နေကြပြီဖြစ်ရာ ဒီဇိုင်းလှပပြီး ဆေးရောင်စုံခြယ်သထားသော နေအိမ်တိုက်တာများ အလှကား တောင်ကြော၊ တောင်တန်းများပေါ်တွင် တကယ့်ပန်းချီကားတစ်ချပ်ကဲ့သို့ပင်။

ဓာတ်အားခွဲရုံ၊ ရေပေးဝေရေးရုံများနှင့် ဆက်သွယ်ရေးရုံး အဆောက်အအုံ တည်ဆောက်ရေးလုပ်ငန်းများလည်း ပြီးစီးနေပြီဖြစ်သည်။ နေအိမ်များတည်ဆောက်ပြီးစီးပါက သောက်သုံးရေဖြန့်ဝေရန် အသင့်အနေအထား ရောက်ရှိနေရာ နေအိမ်များ သောက်သုံးရေအတွက် စိတ်ပူပင်စရာ မလိုချေ။

စိစစ်ကြပ်မတ်

ရတနာပုံမြို့သစ် ကိုယ်ပိုင်အိမ်ရာ တည်ဆောက်ရေးလုပ်ငန်းတွင် အခြေခံကျသည့် လမ်းများ ခင်းပေးမှုအပိုင်းတွင် ကွန်ကရစ်လမ်းများ ခင်းပေးထားမှုမှာ မြိုင်မြိုင်ဆိုင်ဆိုင်ရှိလှသည်။ လောလောဆယ်တွင် လမ်းအမည်များကို အေလမ်း၊ ဘီလမ်း၊ စီလမ်းစသည်ဖြင့် ဂျီလမ်းအထိ အမည်ပေးထားသည်။ ယခုအခါ လမ်းတိုင်းတွင် လှပမှုများဖြင့် ထည်ဝါလျက်ရှိသည်။ နေ့စဉ်တည်ဆောက်မှု၊ ထိန်းသိမ်းမှုများ မပြတ်တမ်း မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီက စိစစ်ကြပ်မတ် စစ်ဆေးပေးလျက်ရှိသည်။

ဖော်ညွှန်း

အသစ်တည်ဆောက်ထားသော တိုက်များ၊ အဆောက်အအုံများကြောင့် စိတ်ချမ်းမြေ့ဖွယ်ရာပန်းချီကားတစ်ချပ်ကို မြင်တွေ့လိုက်ရသလို ခံစားလိုက်ရသည်။ အပြာရောင်အမိုး၊ အဖြူရောင် အဆောက်အအုံအသစ်များဖြင့် မန္တလေးတိုင်းဒေသကြီး၏ ဖွံ့ဖြိုးတိုးတက်မှုအလှများကို ဖော်ညွှန်းသလို ဖြစ်နေသည်။

ပီပီပြင်ပြင်

ရတနာပုံမြို့သစ် ကိုယ်ပိုင်အိမ်ရာစီမံကိန်းမှ နေအိမ်တိုက်တာ အဆောက်အအုံများ ပီပီပြင်ပြင် တည်ဆောက်နေမှုမှာလည်း လမ်းတိုင်းတွင် နေ့စဉ်မြင်တွေ့နေရသည်။ နေအိမ်များ အမြန်ဆုံးတည်ဆောက်မှု ပြုလုပ်နေသည်ဖြစ်ရာ မကြာမီအချိန်အတွင်း အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်လာမည်မှာ အမှန်ပင်ဖြစ်သည်။

ဖွံ့ဖြိုးဝေစည်

မန္တလေးတိုင်းဒေသကြီး၏ ဖွံ့ဖြိုးတိုးတက်မှုဖော်ပြရာတွင် ရတနာပုံမြို့သစ် ကိုယ်ပိုင်အိမ်ရာစီမံကိန်း(မြောက်ပိုင်း) ကလည်းအထင်ကရတစ်ခုအဖြစ်အားဖြည့် အထောက်အကူပြုလျက်ရှိနေရာ အမြန်ဆုံး ဖွံ့ဖြိုးဝေစည်လာတော့မည်ဖြစ်သည်။

ပန်းချီကားတစ်ချပ်

မန္တလေးတိုင်းဒေသကြီးအတွင်း ဖွံ့ဖြိုးမှုပုံရိပ်တစ်ခုဖြစ်သလို ကြိုးစားအကောင်အထည်ဖော်မှုတို့၏ ရလဒ်တစ်ခုအသွင်အဖြစ် ခေတ်မီလှပသော နေအိမ်များဖြင့် ပန်းချီကားတစ်ချပ်သဖွယ် ပေါ်ထွန်းလာလျက်ရှိပါကြောင်း....။ ။

(မြန်မာ့အလင်း)

အိမ်များ ဒီဇိုင်းပုံစံလှပစွာ တည်ဆောက်ထားမှု မြင်ကွင်း....။

ဆက်သွယ်ရေးရုံး

ဆက်သွယ်ရေးရုံးကလည်း ဤသို့တည်ဆောက်ပြီးစီးနေသည်မှာ....။

ပေးအပ်လှူဒါန်း

ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ် ၇ ရပ်ကွက် ဗြဟ္မစိုရ်လမ်းနေ ဖခင် ဦးခင်မောင်၊ မိခင် ဒေါ်ပွင့်၊ အစ်ကို ဦးရန်လင်း၊ အစ်မ ဒေါ်ကျင်အေး၊ တူမလေး မအေးအေးမြင့်တို့က ဒေါ်တင်လှမွေးနေ့အထိမ်းအမှတ်အဖြစ် ထာဝရဆွမ်းပဒေသာပင်အတွက် ငွေကျပ်တစ်သိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အမှုဆောင်အဖွဲ့ တွဲဖက်အတွင်းရေးမှူး ဦးမောင်မောင်ကြီးထံ ပေးအပ်လှူဒါန်းစဉ်။ (ဘိုးဘွားရိပ်သာ)

စက်တင်ဘာလထုတ် ငွေတာရီမဂ္ဂဇင်းထွက်ပြီ

ရန်ကုန် ဩဂုတ် ၂၇

ကိုဇော်ဝင်း (KMD) ၏ ပန်းချီလက်ရာနှင့်အတူ မောင်ဟေမာ၊ ညွှန့်ဝေ (ကသာ)၊ ကို(တက္ကသိုလ်)၊ မောင်ယဉ်မှူး၊ နွေသင်နိုင်၊ ရွှေမြိုင်ပြုံးလွဲမော်၊ မနွေ၊ ညိုဘန်း(လေးဝတီ)၊ မင်းနိုင်လေး(လမ်းမတော်)၊ ရွှေဘိုတင်အောင်၊ ခြိမ့်နိုင်တို့၏ ရသစုံ ကဗျာပုံရိပ်များနှင့်အတူ တင်အောင်နီ၊ ငွေကြည်၊ သစ်ထွဏ်း၊ မြေဇာ၊ စိုးခတို့၏ ကာတွန်း လက်ရာများအပါအဝင် ရှင်ဉာဏ(ဖျာပုံ)၊ မင်းယုဝေ၊ ဒေါက်တာမတင်ဝင်း (ပညာရေးတက္ကသိုလ်)၊ မကြန်၊ မောင်ခင်မင်(ဓနုဖြူ)၊ ချစ်စံဝင်း၊ ထွန်းလပြည့်သစ်၊ မောင်စိန်ဝင်း(ပုတီးကုန်း)၊ တင်အောင်(စက်မှုတက္ကသိုလ်)၊ ငွမ်းဖြူဇင်၊ တက္ကသိုလ်တင်ခ၊ နိုင်ဇော်၊ မောင်ဇင်ယော်၊ ရဲမာန်ခ၊ တင်မောင်ထက်(ကွမ်းခြံကုန်း)၊ တက္ကသိုလ်သခ်၊ မောင်ကြည်သစ်ဦး၊ လှဘုန်းအောင်၊ စစ်နွေ၊ ဗိုလ်ကလေးတင့်အောင်၊ မောင်စူးစမ်း၊ သော်ဇင်သစ်၊ ရေနံမြေမောင်မောင်ကြည်၊ ညောင်ဦးဖိုးချို၊ တက္ကသိုလ်သျှင်ဥက္ကာ (မဟာဝိဇ္ဇာ၊ ကျမ်းပြု)၊ ဦးကြည်ရွှေ၊ မြင့်ဆွေ(မျက်စိအတု)၊ မနုသာကျော်ဝင်း၊ ချင်းတွင်း ဘထွေး၊ ရန်နိုင်၊ ဒေါက်တာဦးစံတင်အောင်(ရွှေဘို)တို့၏ စာပေရေးရာနှင့် သုတရသ ဆောင်းပါးများအပြင် ဆင်ဖြူကျွန်းအောင်သိန်း၊ ကုမုဒြာ၊ ကိုစော(ပထဝီဝင်)၊ မုဒုံ-သုမွန်တို့၏ ဝတ္ထုများကိုပါ နှစ်သက်ဖွယ်ရာ ဖတ်ရှုကြရမည် ဖြစ်သည်။

အရောက်ပို့

ငွေတာရီမဂ္ဂဇင်းကို အမှတ် ၁၈၁ ၃၂လမ်း(အထက်) ပန်းဘဲတန်းမြို့နယ် ရန်ကုန်မြို့ ဖုန်း-၃၇၁၂၄၄နှင့် အမှတ်၁၅တပ်မြေ မိုးကောင်းဘုရားလမ်း (၁၅)ရပ်ကွက် ဘောက်ထော် ရန်ကင်းမြို့နယ် ရန်ကုန်မြို့ ဖုန်း-၅၅၉၂၇၃ တို့သို့ ဆက်သွယ်မှာကြားဝယ်ယူဖတ်ရှုနိုင်ကြောင်းနှင့် စာဖတ်သူထံ VPP အရောက်ပို့စနစ်ဖြင့်လည်း ရောင်းချပေးလျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

သီပေါမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အဖွဲ့ဝန်ထမ်းများ ဗိုလ်ချုပ်လမ်းမကြီးပေါ်ရှိ အခြေခံပညာ အထက်တန်းကျောင်းရှေ့ မျက်နှာစာ၌ ပန်းအလှပင်များဖြင့် မြေယာရှုခင်းအလှပုံဖော်ဆောင်ရွက်နေမှုကို ဩဂုတ် ၂၅ရက်က အမှုဆောင်အရာရှိ ဦးသိန်းထိုက်ဦး ကွင်းဆင်းကြီးကြပ်စဉ်။ (မြို့နယ်စည်ပင်)

သတိပေးနှိုးဆော်ချက်

နေပြည်တော်တွင် မော်တော်ဆိုင်ကယ် စီးနင်းသူများသည် ဆိုင်ကယ်စီးဦးထုပ်ကို မေးသိုင်းကြိုးတပ်၍ စီးနင်းကြရန်နှင့် နှစ်ဦးထက်ပိုမိုစီးနင်းခြင်း မပြုကြရန်၊ ထို့အပြင် လိုင်စင်မဲ့ဆိုင်ကယ်များ စီးနင်းခြင်း မပြုကြရန် နှိုးဆော်အပ်ပါသည်။ လိုက်နာခြင်း မရှိပါက တည်ဆဲဥပဒေအရ ထိရောက်စွာ အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေးနှိုးဆော်အပ်ပါသည်။

နေပြည်တော် ယာဉ်စည်းကမ်းထိန်းသိမ်းရေး
ကြီးကြပ်မှုကော်မတီ။

မုတ်သုံလေ အားအသင့်အတင့်ရှိမည်

နေပြည်တော် ဩဂုတ် ၂၇

ယနေ့နံနက် ၉နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄ နာရီအတွင်းက စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းနှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် နေရာကွက်ကျား၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ကယားပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် မကွေးတိုင်းဒေသကြီးတို့တွင် နေရာကျဲကျဲ၊ ကချင်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ပြီး ကချင်ပြည်နယ်နှင့် မကွေးတိုင်းဒေသကြီးတို့တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားအသင့်အတင့်ရှိနေသည်။

ဩဂုတ် ၂၈ရက် ညနေအထိ ခန့်မှန်းချက်မှာ ချင်းပြည်နယ်၊ ကယားပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် နေရာကျဲကျဲ၊ ရှမ်းပြည်နယ်၊ မကွေးတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ကချင် ပြည်နယ်၊ ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် နေရာ ကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မုတ်သုံလေ အားအသင့်အတင့်ရှိမည်။

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။

ဩဂုတ်လ နောက်ဆုံးရက်သတ္တပတ်ကုန် ရက်များအတွက် မိုးလေဝသ ခန့်မှန်းချက်မှာ လာမည့်သီတင်းပတ်ကုန်ရက်များအတွင်း ရန်ကုန်တိုင်းဒေသကြီးတွင် မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်းရွာပြီး နေပြည်တော်နှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။

ပြည်ထဲရေးဝန်ကြီးဌာနနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဝန်ကြီးဦးမောင်ဦး ပြည်ထဲရေးဝန်ကြီးဌာန အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၏ စီမံခန့်ခွဲရေးဝန်ထမ်းအဆင့်(၁) လုပ်ငန်းခွင်ဝင်သင်တန်း အမှတ်စဉ် (၁/၂၀၁၀) သင်တန်းဆင်းပွဲတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

နိုင်ငံတော်ကချမှတ်ထားသည့် မူဝါဒလမ်းစဉ် ပြည်သူကလိုက်နာကျင့်သုံးရေး မိမိက စံနမူနာပြနေထိုင်ဆောင်ရွက်ပြီး ဗဟုသုတရှာဖွေဆည်းပူးနေရန်လို

နေပြည်တော် ဩဂုတ် ၂၇

ပြည်ထဲရေးဝန်ကြီးဌာန အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ စီမံခန့်ခွဲရေးဝန်ထမ်းအဆင့်(၁) လုပ်ငန်းခွင်ဝင်သင်တန်းအမှတ်စဉ်(၁/၂၀၁၀) သင်တန်းဆင်းပွဲအခမ်းအနားကို ယနေ့နံနက် ၈နာရီတွင် နေပြည်တော်ရှိ ပြည်ထဲရေးဝန်ကြီးဌာနဝန်ကြီးရုံး စုစည်းခန်းမ၌ကျင်းပရာ ပြည်ထဲရေးဝန်ကြီးဌာနဝန်ကြီးနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဝန်ကြီးဦးမောင်ဦး တက်ရောက်၍ အမှာစကားပြောကြားသည်။

တက်ရောက်

သင်တန်းဆင်းပွဲ အခမ်းအနားသို့ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်ဗိုလ်မှူးချုပ်ခင်ရီ၊ ပြည်ထဲရေးဝန်ကြီးဌာနနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနတို့ အောက်ရှိ တပ်ဖွဲ့နှင့် ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ တာဝန်ရှိသူများ၊ သင်တန်းအုပ်ချုပ်သူနှင့် နည်းပြများ၊ သင်တန်းသားများ တက်ရောက်ကြသည်။

ရိုးသားကြိုးစား

ရှေးဦးစွာ ဝန်ကြီးက အမှာစကားပြောကြားရာတွင် ဝန်ထမ်းဆိုသည်မှာ ပြည်သူ၏ ဝန်ကိုထမ်းဆောင်ရန်အတွက် ခန့်ထားသည့်သူသာဖြစ်၍ အမြင်(၅)မြင်ဖြင့် ကြည့်ပြီး အရာရာကို လုပ်ဆောင်တတ်ရန်လိုအပ်ကြောင်း၊ နိုင်ငံတော်က ချမှတ်ထားသည့် မူဝါဒလမ်းစဉ်ကို ပြည်သူက လိုက်နာကျင့်သုံးလာရေးအတွက် မိမိကစံနမူနာပြနေထိုင်ဆောင်ရွက်ရန် လိုအပ်ပြီး ဗဟုသုတရှာဖွေဆည်းပူးနေရန် လိုအပ်ကြောင်း၊ အရာထမ်းငယ် ဘဝမှ နောင်တွင် တစ်ဆင့်ထက်တစ်ဆင့် တိုးတက်မြင့်မားသောတာဝန်များ ထမ်းဆောင်နိုင်ရန် အရာရာကို လေ့လာစူးစမ်းသင်ယူနိုင်ရန်လိုအပ်ကြောင်းနှင့် ရိုးသားမှု၊ ကြိုးစားမှုရှိရန်၊ စေတနာဖြင့် လုပ်ငန်းများကို လုပ်ဆောင်သွားကြရန် မှာကြားပြီး သင်တန်းဆင်းပွဲ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

တက်ရောက်

အဆိုပါသင်တန်းသို့ စီမံအဆင့်(၁)အဖြစ် အသစ် ခန့်ထားမည့် သင်တန်းသား ၉၂ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တရှစ်ပတ်ကြာမြင့်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ထိုင်းနိုင်ငံထုတ် ကုန်ပစ္စည်းများ အပြည်ပြည်ဆိုင်ရာ ထုတ်ကုန်ပစ္စည်းပြပွဲ၌ပြသ

ရန်ကုန် ဩဂုတ် ၂၇

ထိုင်းပို့ကုန် မြှင့်တင်ရေးဌာန (Department of Export Promotions Thailand) ၏ ပံ့ပိုးကူညီမှုဖြင့် Inforithm-Maze က ကြီးမှူး၍ The 1st Yangon International Products Showcase 2010 ပြပွဲကို ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ ဩဂုတ် ၂၇ရက်မှ ၂၉ရက်အထိ ခင်းကျင်းပြသလျက်ရှိသည်။

ပြသရောင်းချ

အဆိုပါပြပွဲတွင် Magi Vision Co., Ltd. က ထိုင်းနိုင်ငံမှ ထုတ်လုပ်သည့် အလှကုန်ပစ္စည်းများကို ခင်းကျင်း ပြသထားရာ **(အပေါ်ပုံ)** MORI အမှတ်တံဆိပ် Cosmetics အလှကုန်ပစ္စည်းများ၊ မိတ်ကပ်၊ နှုတ်ခမ်းနီ၊ Body Lotion၊ DIPSO အမှတ်တံဆိပ် Hair Products များ၊ ဆံပင်ဆိုးဆေး အမျိုးမျိုး၊ ပေါင်းဆေး၊ ဖြောင့်ဆေး၊ ကောက်ဆေး၊ Dr. James အမှတ်တံဆိပ် Skin Care & Body Care,Slimming Gel, BodyScrub၊ မြန်မာ့အသားအရေနှင့်သင့်လျော်သော Skin Care အမျိုးမျိုးနှင့် မြန်မာနိုင်ငံတွင် နှစ်ပေါင်းများစွာ ကျော်ကြားခဲ့သော POP Popular Cream တို့ကို ပြသရောင်းချလျက်ရှိသည်။

ဆက်သွယ်နိုင်

ယင်းအလှကုန် ပစ္စည်းများမှာ ထိုင်းနိုင်ငံထုတ် ပစ္စည်းအစစ်အမှန်ဖြစ်ပြီး ပစ္စည်းအရည်အသွေးကောင်းမွန်ကာ မြန်မာနိုင်ငံ ရာသီဥတုနှင့် သင့်လျော် ကောင်းမွန်သည်။ ဈေးနှုန်းချိုသာသည်။ မြန်မာနိုင်ငံအတွက် တစ်ဦးတည်း ကိုယ်စားလှယ်အဖြစ် တင်သွင်းဖြန့်ချိလျက်ရှိပြီး အမြို့မြို့အနယ်နယ်မှ ကိုယ်စားလှယ်ရယူလိုသူများ ဆက်သွယ်နိုင်သည်။

ဆက်သွယ်ရန်လိပ်စာမှာ Magi Vision Co.,Ltd.အခန်းအမှတ် ၂၀၁ အမှတ် ၄၄၉ တက္ကသိုလ်ရိပ်သာလမ်းသစ် ဗဟန်းမြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၅၄၄၉၄၆၊ ၀၁-၇၁၀-၃၈၈၁၃နှင့် ၀၉-၅၀၇၂၂၁၁ တို့ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

၁၉၈၂-၁၉၈၅ ပညာသင်နှစ် တီ-မွေး-ကု တက္ကသိုလ်ကျောင်းသားဟောင်းများ ဆရာကန်တော့ပွဲကျင်းပမည်

ရန်ကုန် ဩဂုတ် ၂၇

၁၉၈၂-၁၉၈၅ ပညာသင်နှစ် တိရစ္ဆာန်မွေးမြူရေးနှင့် ဆေးကုသရေး တက္ကသိုလ် ကျောင်းသား ကျောင်းသူဟောင်းများ၏ ငွေရတုအထိမ်းအမှတ် ဆရာကန်တော့ပွဲနှင့် မိတ်ဆုံစားပွဲကို အောက်တိုဘာ ၁၆ရက် (စနေနေ့) ညနေ ၅နာရီတွင် ရန်ကုန်မြို့ အလုံမြို့နယ် ကမ်းနားလမ်းရှိ Western Park II ၌ ကျင်းပမည်ဖြစ်သည်။

ဆက်သွယ်မေးမြန်းနိုင်

ကျောင်းသား ကျောင်းသူဟောင်းများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ကြရန်နှင့် အသေးစိတ်သိရှိလိုပါက ဒေါက်တာမြသီတာ ဖုန်း-၀၁-၇၃၀၄၉၀၆၇၊ ဒေါက်တာအေးအေးမော် ဖုန်း-၀၉-၅၀၂၉၀၈၈ နှင့် ဒေါက်တာနီနီစိုး ဖုန်း-၀၁-၇၃၀၈၁၀၃၅တို့သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကော်မရှင်အဖွဲ့ခွဲ လုပ်ငန်းသင်တန်း ပြည်မြို့နယ်၌ ဖွင့်ပွဲကျင်းပ

ပြည် ဩဂုတ် ၂၇

ပဲခူးတိုင်းဒေသကြီး ပြည်မြို့နယ် ကော်မရှင်အဖွဲ့ခွဲက ကြီးမှူးကျင်းပသော မဲရုံမှူး၊ ဒုတိယမဲရုံမှူးများ ဒုတိယအကြိမ် လုပ်ငန်းသင်တန်းဖွင့်ပွဲ အခမ်းအနားကို ဩဂုတ် ၂၅ရက် နံနက် ၈နာရီက ပြည်မြို့နယ် သီရိခေတ္တရာရတနာမြို့တော်ခန်းမ၌ကျင်းပရာ အခမ်းအနားတွင် ခရိုင်ကော်မရှင်ဥက္ကဋ္ဌ ဦးမိုးဆွေက အမှာစကားပြောကြားပြီး မြို့နယ်ကော်မရှင် အဖွဲ့ခွဲဥက္ကဋ္ဌ ဦးအောင်မြင့်က သင်တန်းဖွင့်လှစ်ရခြင်းအကြောင်း ရှင်းလင်းဆွေးနွေးသည်။ ဆက်လက်၍ မြို့နယ်ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များက ရွေးကောက်ပွဲဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများ၊ မဲရုံမှူး၊ ဒုတိယမဲရုံမှူးများ၊ မဲရုံအဖွဲ့ဝင်များ ဆောင်ရွက်ရမည့် လုပ်ငန်းများကို အသေးစိတ်ဆွေးနွေးကြသည်။ သင်တန်းသို့ မဲရုံမှူး၊ ဒုတိယ မဲရုံမှူး သင်တန်းသား ၃၃၂ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

● *ကျောဖုံးမှ*

အိုအမ်ဆန်းအနေဖြင့် ကမ္ဘာ့တတိယအမြင့်ဆုံးတောင် ကန်ချန်ဂျန်ဂါတောင်ထိပ်ကို ရောက်ခဲ့ဖွယ်မရှိကြောင်း ကိုရီးယားတောင်တက်အဖွဲ့ချုပ်က ဩဂုတ် ၂၆ရက်တွင် ဝေဖန်သုံးသပ်ခဲ့သည်။ ဟိမဝန္တာတောင်ကို စံချိန်တင်တက်ရောက်နိုင်ခဲ့သည့် အဲလီစာဘတ်ဟော်လီကလည်း ယင်းကိစ္စအတွက် ကိုရီးယားတောင်တက်အသင်းသို့ စုံစမ်းလျက်ရှိသည်။

နောက်ဆုံးတက်ရောက်

အိုအမ်ဆန်းအနေဖြင့် ကမ္ဘာ့အမြင့်ဆုံးတောင် ၁၄လုံးကို အမှန်တကယ် တက်ရောက်နိုင်ခဲ့ပါလျှင် စပိန်နိုင်ငံမှ အမျိုးသမီးတောင်တက်သမား အီဒွန်းပါဆာဘန်း၏ စံချိန်ကို ကျော်ဖြတ်နိုင်ပေလိမ့်မည်ဟု မီဒီယာများက ဆို၏။ မစ္စစ်အိုအမ်ဆန်းက ၄င်းသည် ၂၀၁၀ခုနှစ် ဧပြီ ၂၇ရက်က မီတာ ၈၀၀၀ အမြင့်ရှိသည့် အဏ္ဏာပူနတောင်ထိပ်သို့ တောင် ၁၄လုံးအနက် နောက်ဆုံးတက်ရောက်ခဲ့သည်ဟု ဆိုသည်။ ၄င်းက ဒေသတွင်းတောင်တက်သမား ခုနစ်ဦးအား သက်သေပြုလျက် အဆိုပါတောင်ထိပ်သို့ အမှန်တကယ် ရောက်ခဲ့ကြောင်းကိုလည်း ကိုရီးယားတောင်တက်အသင်းသို့ ပြန်လည်ရှင်းလင်းတင်ပြခဲ့သည်။

အခြားသော တောင်တက်သမားများက သူမသည် တောင်ထိပ်သို့ ရောက်ရှိရန် မီတာ ၂၀၀အလို အမြင့်အထိသာ ရောက်ခဲ့ကြောင်း အငြင်းပွားလျက်ရှိသည်။ သို့သော် နော်ဝေတောင်တက်သမား ဂျွန်ဂန်ဒယ်က အဆိုပါ တောင်ထိပ်တွင် အိုအမ်ဆန်း၏ ကိုရီးယားအလံကို လှမ်းတွေ့ခဲ့ရသည်ဟု ဆိုသည်။ ။

(အင်တာနက်)

News Watch (စောင့်ကြည့်)ဂျာနယ် ထွက်ပြီ

ရန်ကုန် ဩဂုတ် ၂၇

ဒေဝူးအင်တာနေရှင်နယ်မှ သဘာဝဓာတ်ငွေ့လုပ်ငန်း လုပ်ကိုင်ရန် လုပ်သားများခေါ်ယူနေ၊ ရန်ကုန်မြို့ စစ်ဆေးရေးဂိတ်အဝင် ဖမ်းဆီးရမိသော အကောက်ခွန်မဲ့ပစ္စည်းများ လေလံတင်ရောင်းချမည်၊ သီရိမင်္ဂလာဈေးသစ် ဝန်ဆောင်မှုလုပ်ငန်းအချို့ တင်ဒါခေါ်ယူ၊ လှူပြီး ပြန်ယူတဲ့ စပွန်ဆာအလှူ၊ ကမ္ဘာ့လူတုပ်ကွေးကပ်ရောဂါအသွင်အဖြစ် သတ်မှတ်ခြင်းကို ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ရုပ်သိမ်း၊ ယခုရက်ပိုင်းအတွင်း တွံတေးတူးမြောင်း၌ ကမ်းပါးတချို့ ပြိုကျနေ၊ ထိုင်းစီးပွားရေးလုပ်ငန်းရှင်များ အနေဖြင့် စက်မှုဇုန်များတွင် ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်လို၊ ယာဉ်အန္တရာယ်ကင်းရှင်းရေးတွင် ယာဉ်နောက်လိုက်များလည်း အရေးပါ၊ ပုဂ္ဂလိက စက်သုံးဆီဆိုင်များ၏ ဓာတ်ဆီဈေးနှုန်းပြောင်းလဲရန် လောလောဆယ် အစီအစဉ်မရှိ၊ ဘုရင့်နောင်ပွဲရုံဝင်းအတွင်း တောင်းအေ့စ်ကားတစ်စီး ပျောက်ဆုံးမှုဖြစ်ပွား၊ ပြည်တွင်း ပဲမျိုးစုံရောင်းဝယ်မှုများ ကြပ်မတ်မည်၊ ဒဂုံ(ခေါ်)ရန်ကုန်မြို့လမ်းပန်းဆက်သွယ်ရေး၊ မယ်မင်းကြီးမ၏ နားမလည်တာ ချင်းအတူတူ အင်္ဂလိပ်လိုမှ၊ မောင်သန်းဆွေ(ထားဝယ်)၏ ဖူးစာနှစ်ခိုင်(၁၄)၊ ချစ်ရေးမညီသည့် မေရီမိဖုရားကျောင်း၊ FEC ဈေး ပြန်ကျ၊ ရွှေဈေး အမြင့်ဘက်ဦးတည်နေ၊ စက်မှုဇုန်ထုတ် Mini Truck မော်တော်ယာဉ်များ ငွေကျပ်၇၅သိန်းဖြင့် ဝယ်ယူနိုင်၊လူကုန်ကူးခံရသည့် ကလေးငယ်များနှင့် အမျိုးသမီးများ၏ အခွင့်အရေး မီဒီယာကဏ္ဍတွင် အရေးပါ၊ မြန်မာကျောင်းသူကျောင်းသားများအတွက် ပထမဆုံး MBA စကောလားရှစ်ပေးမည်၊ လူကုန်ကူးမှု ၆၆မှုတွင် ကလေးသူငယ်အမှု ၃၈မှုပါဝင်၊ ထူးထူးဆန်းဆန်းအရုပ်ဆိုးတဲ့ မော်ဒယ်လ်တွေ၊ မက္ကဆီကိုပြတိုက်က ရွှေသေနတ်များ၊ တစ်နေ့လျှင် ဝိုင်တစ်ခွက်ကျ သောက်သုံးခြင်းကြောင့် ရင်သားကင်ဆာအန္တရာယ် နှစ်ဆပွားနိုင်၊ ရေဘေးပြန်လည်ထူထောင်ရေး IMF မှ ချေးငွေဒေါ်လာ ၁၁ဘီလီယံ ပါကစ္စတန် တောင်းခံ၊ အမေရိကန်ပြည်ထောင်စုက ပါကစ္စတန်တွင် ပြည်ပအကူအညီ ပေးရေးလုပ်သားများ အန္တရာယ်ရှိနိုင်ကြောင်း သတိပေး၊ အီရတ်၌ အမေရိကန်စစ်သား ငါးသောင်းအောက်သို့ လျှော့ချသွားမည် အစရှိသည့် ကမ္ဘာ့အရေး၊ မြန်မာ့အရေး သတင်းအစုံအလင်ဖြင့် News Watch (စောင့်ကြည့်)ဂျာနယ် ထွက်ရှိနေပြီဖြစ်သည်။ **(သတင်းစဉ်)**

ဗလငါးတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေလေ့လာစို့

မြန်မာ့ရုပ်မြင်သံကြား

၂၈-၈-၂၀၁၀ (စနေနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော် -ယောဆရာတော် ဟောကြားတော်မူသော ဥပ္ပါတသန္တိပါဠိတော်
၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ မြတ်ဂုဏ်တော်သခင် (သန်းမြတ်စိုး၊ တေးရေး- မောင်မောင်လတ်)
၇:၅၀ ၅။ သံသာချိုအေးမင်္ဂလာတေး
၈:၀၀ ၆။ ကဗျာပန်းဥယျာဉ်
၈:၁၅ ၇။ အဆိုပြိုင်ပွဲ
၈:၂၀ ၈။ **စက်မှုတပ်ဆင် လုပ်ငန်းတွင်**
၈:၃၀ ၉။ တေးဂီတအစီအစဉ်
၈:၄၀ ၁၀။ International News
၈:၄၅ ၁၁။ Local Talent

နေ့လယ်ပိုင်း

၁၁:၀၀ ၁။ စစ်သည်တေး
၁၁:၁၀ ၂။ တေးဂီတအစီအစဉ်
၁၁:၂၅ ၃။ ချစ်စရာ့အရွယ် ကစားကြမယ်
၁၁:၅၀ ၄။ တစ်ပတ်အတွင်း ရုပ်မြင်သံကြား ပြည်တွင်းသတင်းစဉ်
၁၂:၂၀ ၅။ Yan Can Cook
၁၂:၄၀ ၆။ နိုင်ငံခြားဇာတ်လမ်းတွဲ **မပြယ်သောချစ်ခြင်း မနွမ်းသောမေတ္တာ** (အပိုင်း-၃၇)
၁၃:၄၀ ၇။ တိုင်းရင်းသား ရိုးရာအက
၁၃:၅၀ ၈။ မှုဟန်သွယ်သွယ် ဆိုကြမယ်
၁၄:၀၅ ၉။ ကလေးများအတွက် အကောင်းဆုံး
၁၄:၂၀ ၁၀။ မြူးမြူးကြွကြွ ယဉ်ကျေးမှုအက
၁၄:၃၀ ၁၁။ **နိုင်ငံ့စီးပွားအလေးထား ကျေးလက်ထုတ်ကုန်များ**
၁၄:၄၀ ၁၂။ အတီးပြိုင်ပွဲ
၁၄:၅၀ ၁၃။ International News

ညပိုင်း

၃:၁၅ ၁။ Myanmar National League MNL Cup (2010) ဘောလုံးပြိုင်ပွဲ တိုက်ရိုက် ထုတ်လွှင့်မှု အစီအစဉ် **ကမ္ဘောဇနှင့် မကွေး**
၅:၁၅ ၂။ အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြား သင်ခန်းစာ ပထမနှစ် (ပထဝီဝင်အထူးပြု) (ပထဝီဝင်)
၅:၃၀ ၃။ မျိုးချစ်စိတ်ဓာတ် ရှင်သန် ထက်မြက်ရေးတေးများ
၅:၃၅ ၄။ သဘာဝပတ်ဝန်းကျင်နှင့် ကြွပ်ကြွပ်အိတ်
၅:၄၅ ၅။ တေးဂီတအစီအစဉ်
၆:၀၀ ၆။ ညနေခင်းသတင်း
၆:၁၅ ၇။ မိုးလေဝသအခြေအနေ
၆:၂၀ ၈။ အလှရှာမယ် လှကမ္ဘာဝယ်
၆:၄၀ ၉။ ယဉ်တစ်ကိုယ်မယ် မေထွဋ်ခေါင် (ဒါရိုက်တာ- မင်းဇေယျာလင်း)
၇:၀၀ ၁၀။ နိုင်ငံခြားဇာတ်လမ်းတွဲ **အတိတ်ရဲ့ပုံရိပ်** (အပိုင်း-၉)
၈:၀၀ ၁၁။ ပြည်တွင်းသတင်း
၁၂။ နိုင်ငံတကာသတင်းများ
၁၃။ မိုးလေဝသအခြေအနေ
၁၄။ **အထိမခံ ရွှေနိုင်ငံ** [တေးရေး၊ တေးဆို-ပေါက်စ (Drum)]
၁၅။ ကာတွန်းအစီအစဉ် **တောကောင်ငယ် သိုင်းညီနောင်လေးများ** (အပိုင်း-၅၄)
၁၆။ နိုင်ငံခြားဇာတ်လမ်းတွဲ **ရေဆုံးမြေဆုံး** (အပိုင်း-၁၅)
၁၇။ ဂီတတံခါးလေးဖွင့်ပါဦး

မြဝတီခရိုင် ဥက္ကဋ္ဌဖလား ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲကျင်းပ

နေပြည်တော် ဩဂုတ် ၂၇

၂၀၁၀ခုနှစ် မြဝတီခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌဖလား မိုးရာသီ ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ဩဂုတ် ၂၅ရက်က ကရင်ပြည်နယ် မြဝတီမြို့ မြို့မ အားကစားကွင်း၌ကျင်းပရာ ခရိုင်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ ပြိုင်ပွဲဝင်အသင်းများနှင့် အသင်းအုပ်ချုပ်သူများ၊ အားကစားဝါသနာရှင်များ တက်ရောက်အားပေးကြသည်။ ရှေးဦးစွာ ခရိုင်ဥက္ကဋ္ဌ ဦးထွန်းထွန်းဝင်း**(အောက်ပုံ)**က အမှာစကားပြောကြား၍ ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။ ယင်းပြိုင်ပွဲသို့ ရပ်ကွက်၊ ကျေးရွာအုပ်စုများမှ ပြိုင်ပွဲဝင်ဘောလုံးအသင်း ၁၁သင်း ပါဝင်ယှဉ်ပြိုင်ကစားကြကြောင်း သိရသည်။ **(သတင်းစဉ်)**

TV Guide ထုတ်ဝေဖြန့်ချိ

ရန်ကုန် ဩဂုတ် ၂၇

၁၅ရက်တစ်ကြိမ် ထုတ်ဝေဖြန့်ချိလျက်ရှိသည့် TV Guide စာစောင် အတွဲ(၂)၊ အမှတ်(၉)ကို ဩဂုတ် ၂၈ရက် (စနေနေ့)တွင် TV Guide Distribution Network မှ စတင်ဖြန့်ချိလိုက်ပြီ ဖြစ်ကြောင်း သိရသည်။ ယင်း TV Guide စာစောင်တွင် MTV ရုပ်သံလိုင်း၏ တစ်နှစ်တာအတွင်း အကောင်းဆုံးဂီတ ဗီဒီယိုများကို ဆုချီးမြှင့်ပေးမည့် ၂၀၁၀ MTV Video Music Awards အစီအစဉ်နှင့် စက်တင်ဘာလတွင် ပြသမည့် The Hard Times of RJ Berger ဟာသဇာတ်လမ်းတွဲအကြောင်း၊ အချို့သောဇာတ်ကားများကို မြန်မာစာတန်းထိုးဖြင့် ပြသနေသည့် Star Movies ရုပ်သံလိုင်းတွင် ပြသမည့် စိတ်ကူးယဉ်သိပ္ပံဇာတ်လမ်း Surrogates၊ ဒရာမာဇာတ်ကားကောင်းတစ်ကားဖြစ်သည့် The Merry Gentleman၊ အက်ရှင်ဇာတ်လမ်း ကြိုက်နှစ်သက်သူများအတွက် Ninja စသည့် ဇာတ်ကားများအပါအဝင် ဟာသ၊ ဒရာမာ၊ အက်ရှင်အမျိုးအစားစုံလင်သည့် ရုပ်ရှင်ဇာတ်ကားကောင်းများ၊ ကလေးများအကြိုက် Cartoon Network ရုပ်သံလိုင်းတွင် စက်တင်ဘာ ၁ရက်မှ ၁၅ရက်အတွင်း ပြသမည့် ကာတွန်းကားများ၊ မြန်မာစာတန်းထိုးဖြင့် ပြသနေသည့် NGC ရုပ်သံလိုင်းတွင် အီတလီနိုင်ငံအခြေစိုက် Lanborghini ကားထုတ်လုပ်ရေးစက်ရုံအကြောင်း အသေးစိတ်တင်ဆက်ပေးမည့် Megafactories: Lanborghini အစီအစဉ်နှင့် ဝါရှင်တန်ပြည်နယ်က Mount St. Helens မီးတောင်ပေါက်ကွဲမှုအကြောင်း တင်ဆက်ပေးမည့် Seconds From Disaster အစီအစဉ်အကြောင်း၊ Animal Planet တွင် ပင်လယ်ရေအောက်က ရေဘဝဲတွေရဲ့အကြောင်း အသေးစိတ်တင်ဆက်ပေးမည့် Deep Sea Aliens အစီအစဉ်နှင့် ကယ်လီဖိုးနီးယားပြည်နယ်မှာ နှစ်စဉ်ကျင်းပသည့် ခွေးပြိုင်ပွဲအကြောင်း ပြသပေးမည့် Unleashet အစီအစဉ်၊ Travel & Living ရုပ်သံလိုင်း၏ အစီအစဉ်သစ်တစ်ခုဖြစ်သည့် အလှမယ်ပြိုင်ပွဲဝင်မည့်သူများအား ဆုရရှိနိုင်မည့် နည်းလမ်းကောင်းများ သင်ကြားပေးသည့် King of The Crown အစီအစဉ်၊ အိမ်ရှင်မများ ကြိုက်နှစ်သက်မည့် Crash My Kitchen အစီအစဉ်နှင့် အခြားစိတ်ဝင်စားဖွယ် အစီအစဉ်သစ်များ၊ Nat Geo Wild ရုပ်သံလိုင်းတွင် ပြသပေးမည့် Wild Showcase: Super Pride, Predator CSI,Big Cats On The Edge, Wet & Wild စသည့် အစီအစဉ်များအကြောင်း၊ Discovery ရုပ်သံလိုင်းတွင် ကြည့်ရှုရမည့် အမေရိကန်သမိုင်းတစ်လျှောက် အကြီးကျယ်ဆုံး တိုက်ခိုက်မှုဖြစ်သည့် စက်တင်ဘာ ၁၁ အကြမ်းဖက်တိုက်ခိုက်မှုနှင့် ပြန်လည်ပြုပြင်မှုများအား တင်ဆက်ပေးမည့် 9/11: After The Towers Fell အစီအစဉ်၊ အာကာသအတွင်းရှိ Hubble အဝေးကြည့်မှန်ပြောင်းအား အာကာသယာဉ်မှူးများ ပြုပြင်နေမှုကို အနီးကပ်ရိုက်ချက်များဖြင့် ပြသမည့် Mission Critical အစီအစဉ်၊ ESPN နှင့် Star Sports ရုပ်သံလိုင်းတွင် တိုက်ရိုက်ပြသမည့် West Ham Vs Chelsea, Man City Vs Blackburn, Stoke Vs Aston Villa, Arsenal Vs Bolton, Everton Vs Man U, Birmingham Vs Liverpool စသည့် ပွဲစဉ်များ၏ ပွဲကြိုသုံးသပ်ချက်များနှင့် တိုက်ရိုက်ပြသမည့် အချိန်များ၊ မြန်မာစာတန်းထိုး၊ မြန်မာစကားပြောများဖြင့် ကြည့်ရှုရမည့် MultiMax ရုပ်သံလိုင်းမှ အစီအစဉ်များ၊ 5 Movies, 5 Movies II, 5 Series, 5 Series II, 5 Cartoon ရုပ်သံလိုင်းများမှ အစီအစဉ်ကောင်းများ၊ Mandalay FM ၏ VCD အညွှန်းအစီအစဉ်တွင် နားဆင်ရမည့် တေးသံရှင် သျှီ၏ ဂန္တဝင်စကား VCD အကြောင်း၊ MRTV-4 ရုပ်သံလိုင်းတွင် တစ်ပတ်အတွင်း ပြည်တွင်းပြည်ပ အားကစား ပြိုင်ပွဲများအကြောင်း ပြသပေးမည့် Sports Diary အစီအစဉ်အကြောင်းများ ပါဝင်သည်။ ရုပ်သံလိုင်းအားလုံး၏ ၁၅ရက်စာ အစီအစဉ် အချိန်ဇယားများအပြင် မြဝတီရုပ်မြင်သံကြား၏ ၁၅ရက်စာ အစီအစဉ် အချိန်ဇယားများ ပါဝင်သည်။

၁၅ရက်စာ အစီအစဉ်များပါဝင်သော TV Guide စာစောင်ကို TV Guide Distribution Network ဖုန်း-၀၁-၇၃၀၆၀၃၁၅မှ တစ်နိုင်ငံလုံးသို့ ဖြန့်ချိလိုက်ပြီဖြစ်သည်။ Door To Door မှာယူလိုသူများသည် Novel Light Express ဖုန်း-၀၉-၅၀၈၀၈၅၀၊ ၃၉၁၁၈၆ တို့သို့ မှာယူနိုင်သည်။ **(သတင်းစဉ်)**

ဩဂုတ် ၉ရက်က နမ့်ခမ်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးအတွင်း ဆားရောင်းချသော ဈေးဆိုင်များအား အိုင်အိုဒင်းဆား အရည်အသွေးပြည့်ဝစွာ ပါဝင်မှုရှိ၊ မရှိကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဦးစီးအရာရှိ ဦးတင်အောင်လွင်၊ ဒုတိယဦးစီးမှူး(ဈေး) ဦးမောင်မောင်နှင့် ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများက ပူးပေါင်းပါဝင် စစ်ဆေးကြစဉ်။
(၁၂၃)

ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ ဘိုးဘွားအမွေအနှစ်များအဖြစ် ထာဝရတည်ရှိနေစေရန် ဥပဒေများဖြင့် ကာကွယ်ထိန်းသိမ်း စောင့်ရှောက်ထားသည့် မြန်မာ့ယဉ်ကျေးမှု အမွေအနှစ်ဇုန်များ

နေပြည်တော် ဩဂုတ် ၂၇

ယဉ်ကျေးမှုဝန်ကြီးဌာနသည် ယဉ်ကျေးမှုအမွေအနှစ်ဒေသများ ကာကွယ်ထိန်းသိမ်းရေး ဥပဒေပုဒ်မ-၄အရ အပ်နှင်းထားသောလုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ အစိုးရအဖွဲ့၏သဘောတူညီချက်ဖြင့် ရှေးဟောင်းအမွေအနှစ်ဒေသများ၊ အဆောက်အအုံများ မပျက်စီး မဆုံးရှုံးစေရန်နှင့် ပျက်စီးစေမည့် မလိုလားအပ်သော အနှောင့်အယှက်များ မဖြစ်ပေါ်စေရန် တာဝန်ယူဆောင်ရွက်လျက်ရှိရာ ယဉ်ကျေးမှုအမွေအနှစ်ဒေသများကို ရှေးဟောင်းအထိမ်းအမှတ် အဆောက်အအုံတည်ရှိရာဇုန်များ၊ ရှေးဟောင်းနေရာတည်ရှိရာဇုန်များနှင့် ကာကွယ်ထိန်းသိမ်းထားသောဇုန်များအဖြစ် သတ်မှတ်ခြင်း၊ ကာကွယ်ခြင်း၊ ထိန်းသိမ်းခြင်းတို့ကို ဆောင်ရွက်လျက်ရှိသည်။

အဆိုပါဇုန် သတ်မှတ်ကာကွယ်ထိန်းသိမ်းထားသော ရှေးဟောင်းအဆောက်အအုံများ၊ စေတီပုထိုးများ၊ ဂူဘုရားများ၊ ရှေးမြို့ဟောင်းများ၊ ရှေးဟောင်းနေရာဒေသများ၌ ရှေးဟောင်းအဆောက်အအုံကို ပြုပြင်မွမ်းမံခြင်း၊ တည်ဆောက်ခြင်း၊ စီးပွားရေးလုပ်ငန်းများဆောင်ရွက်ခြင်း၊ မြေနေရာတိုးချဲ့ခြင်း၊ အဆောက်အအုံအသစ်တည်ဆောက်ခြင်း စသော ဆောင်ရွက်မှုမျိုးပြုလုပ်လိုပါက ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာနသို့ ကြိုတင်ခွင့်ပြုချက် တင်ပြလျှောက်ထားရန် လိုအပ်ပြီး ကြိုတင်ခွင့်ပြုချက်မရရှိဘဲ ဆောင်ရွက်ပါက ဥပဒေနှင့်အညီ အရေးယူခံရမည်ဖြစ်ကာ မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များလည်း ထိခိုက်ပျက်စီးနိုင်ပါသည်။

သို့ဖြစ်၍ ယဉ်ကျေးမှုဝန်ကြီးဌာနမှ ဥပဒေနှင့်အညီ ဇုန်နယ်မြေများ သတ်မှတ်ကာကွယ် ထိန်းသိမ်းထားပြီးဖြစ်သည့် ရှေးဟောင်းအမွေအနှစ်နေရာဒေသ၊ အဆောက်အအုံများကို သိရှိ၊ သတိပြုလိုက်နာနိုင်ရန်နှင့် စောင့်ရှောက်၊ ထိန်းသိမ်း၊ ကာကွယ်နိုင်စေရန်အတွက် အသိပေးထားသည်။

ဇုန်နယ်နိမိတ်သတ်မှတ်ပြဋ္ဌာန်းပြီးသော ယဉ်ကျေးမှုအမွေအနှစ်ဒေသနှင့် အဆောက်အအုံတည်ရှိရာဇုန်

စဉ်	သတ်မှတ်ဒေသ	သတ်မှတ်ဇုန်အမျိုးအစား	အမိန့်ကြော်ငြာစာအမှတ်နှင့် ထုတ်ပြန်သည့်ရက်စွဲ
၁	မန္တလေးတိုင်းဒေသကြီး၊ ပုဂံညောင်ဦးမြို့နယ်	ရှေးဟောင်းအထိမ်းအမှတ် အဆောက်အအုံတည်ရှိရာဇုန်၊ ရှေးဟောင်းနေရာတည်ရှိရာဇုန်၊ ကာကွယ်ထိန်းသိမ်းထားသောဇုန်	၁/၉၉ ၁၁-၂-၉၉
၂	ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့နယ် **ကမ္ဘောဇသာဒီနန်းတော်ရာ**	ရှေးဟောင်းအထိမ်းအမှတ် အဆောက်အအုံတည်ရှိရာဇုန်၊ ကာကွယ်ထိန်းသိမ်းထားသောဇုန်	၂/၉၉ ၁၁-၂-၉၉
၃	မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ရှေးဟောင်းအထိမ်းအမှတ် အဆောက်အအုံများ **အမရပူရမြို့နယ်** - မဟာဝေယံဘုံသာ ဗားကရာကျောင်းတော်ကြီး **အောင်မြေသာစံမြို့နယ်** - မဟာအတုလဝေယံ အတုမရှိကျောင်းတော်ကြီး - ရွှေနန်းတော်ကျောင်း - နန်းမြေဘုံသာစံနန်းတော်ရာစန္ဒာမုနိဘုရား - မဟာလောကမာရဇိန်ကုသိုလ်တော်ဘုရား	ရှေးဟောင်းအထိမ်းအမှတ် အဆောက်အအုံတည်ရှိရာဇုန်၊ ကာကွယ်ထိန်းသိမ်းထားသောဇုန်	၃/၉၉ ၆-၈-၉၉
၄	မွန်ပြည်နယ်၊ ကျိုက်ထိုမြို့နယ်ရှိ **-ကျိုက်ထီးရိုးဘုရားနှင့် တောင်ထွတ်နယ်မြေ**	ကာကွယ်ထိန်းသိမ်းထားသောဇုန်	၄/၉၉ ၁၁-၁၀-၉၉
၅	ပဲခူးတိုင်းဒေသကြီး၊ ပြည်မြို့နယ်အတွင်းရှိ ရှေးဟောင်းအထိမ်းအမှတ်အဆောက်အအုံများ - သရေခေတ္တရာမြို့ဟောင်းနှင့်ပတ်ဝန်းကျင်	ရှေးဟောင်းအထိမ်းအမှတ် အဆောက်အအုံတည်ရှိရာဇုန်၊ ရှေးဟောင်းနေရာတည်ရှိရာဇုန်	၁/၂၀၀၁ ၃၀-၁-၂၀၀၁
၆	စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းမြို့နယ်အတွင်းရှိ **ရှေးဟောင်းအထိမ်းအမှတ်အဆောက်အအုံများ** **- မြသိန်းတန်ဘုရား** **- မင်းကွန်းခေါင်းလောင်းရုံ** **- ပုထိုးတော်ကြီး** **- ခြင်္သေ့ကြီးနှစ်ကောင် (ပုထိုးတော်ကြီးအနီး)** **- စက်တော်ရာဘုရား** **- ပုံတော်စေတီ(မင်းကွန်း)**	ရှေးဟောင်းအထိမ်းအမှတ် အဆောက်အအုံတည်ရှိရာဇုန်	၂/၂၀၀၁ ၁၈-၅-၂၀၀၁
၇	မကွေးတိုင်းဒေသကြီး၊တောင်တွင်းကြီးမြို့နယ်အတွင်းရှိ **- ဗိဿနိုးမြို့ဟောင်း**	ရှေးဟောင်းအထိမ်းအမှတ် အဆောက်အအုံ တည်ရှိရာဇုန်၊ ကာကွယ်ထိန်းသိမ်းထားသောဇုန်	၁/၂၀၀၂ ၂၉-၅-၂၀၀၂
၈	မန္တလေးတိုင်းဒေသကြီး၊ သပိတ်ကျင်းမြို့နယ်အတွင်းရှိ **- တကောင်းမြို့ဟောင်းဒေသ**	ရှေးဟောင်းအထိမ်းအမှတ် အဆောက်အအုံတည်ရှိရာဇုန်၊ ရှေးဟောင်းနေရာ တည်ရှိရာဇုန်၊ ကာကွယ်ထိန်းသိမ်းထားသောဇုန်	၁/၂၀၀၇ ၅-၆-၂၀၀၇
၉	မွန်ပြည်နယ်၊ မော်လမြိုင်ခရိုင်၊ ကျိုက်မရောမြို့နယ်ဒေသ **- ခရုံဂူ**	ရှေးဟောင်းအထိမ်းအမှတ် အဆောက်အအုံ တည်ရှိရာဇုန်၊ ကာကွယ်ထိန်းသိမ်းထားသောဇုန်	၁/၂၀၀၈ ၁၃-၆-၂၀၀၈
၁၀	စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုခရိုင်၊ ဝက်လက်မြို့နယ်၊ ဟန်လင်းစံပြကျေးရွာဒေသ **- ဟန်လင်းမြို့ဟောင်း**	ရှေးဟောင်းအထိမ်းအမှတ် အဆောက်အအုံ တည်ရှိရာဇုန်၊ ရှေးဟောင်းနေရာတည်ရှိရာဇုန်၊ ကာကွယ်ထိန်းသိမ်းထားသောဇုန်	၁/၂၀၀၈ ၁၃-၆-၂၀၀၈
၁၁	မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ တံတားဦးမြို့နယ် **- အင်းဝမြို့ဟောင်းဒေသ**	ရှေးဟောင်းအထိမ်းအမှတ် အဆောက်အအုံ တည်ရှိရာဇုန်၊ ရှေးဟောင်းနေရာတည်ရှိရာဇုန်၊ ကာကွယ်ထိန်းသိမ်းထားသောဇုန်	၁/၂၀၀၈ ၁၃-၆-၂၀၀၈
၁၂	ကရင်ပြည်နယ်၊ ဘားအံမြို့နယ်အတွင်းရှိ **- ရသေ့ပျံဂူဒေသ**	ရှေးဟောင်းအထိမ်းအမှတ် အဆောက်အအုံ တည်ရှိရာဇုန်၊ ကာကွယ်ထိန်းသိမ်းထားသောဇုန်	၂/၂၀၀၈ ၁၆-၆-၂၀၀၈
၁၃	ကရင်ပြည်နယ်၊ ဘားအံမြို့နယ်အတွင်းရှိ **- ကော့ဂွန်းဂူဒေသ**	ရှေးဟောင်းအထိမ်းအမှတ် အဆောက်အအုံ တည်ရှိရာဇုန်၊ ကာကွယ်ထိန်းသိမ်းထားသောဇုန်	၂/၂၀၀၈ ၁၆-၆-၂၀၀၈
၁၄	ရန်ကုန်တိုင်းဒေသကြီး၊ အနောက်ပိုင်းခရိုင်၊ ကျောက်တံတားမြို့နယ် **- ဆူးလေစေတီတော်(ကျိုက်အသုတ်စေတီ) နှင့် ယင်းစေတီတည်ရှိရာပရိဝုဏ်**	ရှေးဟောင်းအထိမ်းအမှတ် အဆောက်အအုံတည်ရှိရာဇုန်	၃/၂၀၀၈ ၄-၇-၂၀၀၈
၁၅	ရန်ကုန်တိုင်းဒေသကြီး၊ တောင်ပိုင်းခရိုင်၊ တွံတေးမြို့နယ်၊ စမ်းရွာရှိ **မောင်းတီးစေတီတော်နှင့် ယင်းစေတီတည်ရှိရာ ပရိဝုဏ်**	ရှေးဟောင်းအထိမ်းအမှတ် အဆောက်အအုံ တည်ရှိရာဇုန်	၄/၂၀၀၈ ၄-၇-၂၀၀၈

(ဆက်လက်ဖော်ပြပါမည်)

အမျိုးသမီးများ တွေ့ကြုံရသည့် လူကုန်ကူးမှုအန္တရာယ်

တင်တင်စိုး(မိုးညှင်း)

မိန်းကလေးတိုင်းလိုလို လှချင်ကြသည်။ “လှတယ်” ပြောမှ သဘောကျသည်။ ခေတ်ပေါ်အဝတ်အစား၊ အဖိုးတန်အဝတ်အစားတွေကို ခေတ်နှင့်အမီ ဝတ်ဆင်လိုကြသည်။ သူများစကပ်ဆို ကိုယ်လည်းစကပ်၊ သူများဂျင်းဘောင်းဘီရှည်ဆို ကိုယ်လည်းဂျင်းဘောင်းဘီရှည်၊ သူများဘောင်းဘီတိုဆို ကိုယ်လည်းဘောင်းဘီတို အစရှိသဖြင့် ဝတ်လိုကြသည်။ အားကိုးရှာကြသည်။ စိန်၊ ရွှေ၊ လက်ဝတ်ရတနာကို မနှစ်သက်သည့်မိန်းကလေး ဘယ်မှာရှိပါ့မလဲ။ ဆင်းရဲမွဲတေသည့် ဘဝ၊ မိသားစုစားဝတ်နေရေးအတွက် ရုန်းကန်နေရသည့် ဘဝ၊ လက်လုပ်မှ ပါးစပ်လှုပ်ရသည့်ဘဝကနေ တင့်တောင့်တင့်တယ် နေချင်ကြသည်မှာ ဆန္ဒတစ်ရပ်ပါ။

မျှော်လင့်ချက်ရောင်ခြည်

ယခုလက်ရှိဘဝ အခြေအနေထက် ပိုမိုမြင့်မားမည်၊ အလျင်အမြန်ကြီးပွားချမ်းသာမည်၊ ပတ်ဝန်းကျင်သစ်တွင် ဘဝသစ်ထူထောင်ပြီး တင့်တယ်စွာနေထိုင်နိုင်မည်၊ လစာကောင်းကောင်းရမည်၊ တစ်ရွာမပြောင်းလျှင် သူကောင်းမဖြစ်နိုင် စသည့် မျှော်လင့်ချက်များကို လူပွဲစားများကပေး၍ စည်းရုံးကြပါသည်။ အချို့သော လူပွဲစားများက မိမိတို့၏ ဩဇာသက်ရောက်စေရန် ငွေကြေးအနည်းငယ်ကို ဒုက္ခရောက်သူ၊ အခက်အခဲရှိသူ၊ မိမိနှစ်သက်နေသော လူကုန်ကူးလိုသူအမျိုးသမီး၏ မိသားစုအတွက် သုံးစွဲပြခြင်းဖြင့် ကြီးမားသော မေတ္တာရှင်၊ စေတနာရှင်အဖြစ် အမည်ခံကာ ထိုသို့သော ပုဂ္ဂိုလ်များသည် မိသားစုများအပေါ် ဩဇာသက်ရောက်မှုကို ရယူလာကြသည်။ လူပွဲစားများ၏ မျှော်လင့်ချက်ပေး၍ စည်းရုံးမှုသည်လည်း ဤသို့အားဖြင့် သန္ဓေတည်လာခဲ့ပါသည်။

အမျိုးသမီးများ၏ အားနည်းချက်

လူကုန်ကူးခြင်းနှင့်ပတ်သက်၍ ကျွန်မတို့ မြန်မာအမျိုးသမီးများအနေဖြင့် ကြိုတင်ပြင်ဆင်ရန်၊ အသိရှိရှိကာကွယ်ရန် အလွန်အားနည်းနေပါသည်။ ကျွန်မတို့၏ အားနည်းချက်က သနားတတ်သည်၊ ခွင့်လွှတ်တတ်သည်၊ ပြောရင်ယုံလွယ်သည်၊ သူတစ်ပါးကို အထင်ကြီးလွယ်သည်။ စူးစမ်းလိုသည့် ဆန္ဒမရှိကြ။ နေရာသစ်ကို လူသစ်စိတ်သစ်ဖြင့် ရောက်ဖူးချင်ကြသည်။ သွားချင်ကြသည်။ တစ်ဖက်နိုင်ငံတွင် အလုပ်ကောင်းသည်၊ လခကောင်းသည်ဟု ပြောရုံဖြင့် ရောက်ဖူးချင်ကြသည်။ ငါရောက်ခဲ့ရင် မည်သို့အလုပ်လုပ်ပြမည်ဟု စိတ်ကူးယဉ်ကြသည်။ မရောက်ဖူးသောဒေသသို့ သွားရောက်ပြီး အလုပ်လုပ်ချင်ကြသည်။ ချမ်းသာလိုသည့် ရည်ရွယ်ချက်တစ်ခုတည်းကိုသာကြည့်ပြီး ထောင်ချောက်ရှိ၊ မရှိ မစဉ်းစားကြ။ ကိုယ်မရောက်ဖူးသော ဒေသ၊ ကိုယ်မကျွမ်းသော အရပ်ဒေသကို မစူးစမ်း၊ မဆင်ခြင်၊ မလေ့လာဘဲရောက်လျှင် ပြီးရောဆိုပြီး သွားတတ်ကြသည်။

ဆန္ဒနှင့်ဘဝတွင် ဆန္ဒကို ရှေ့တန်းတင်ကြသည်။ လူပွဲစားများက ပြောဆိုစည်းရုံးသော **“အခွင့်အလမ်းများ”** ကို ရယူပိုင်ဆိုင်ရန်အတွက် တရားဝင်နည်းလမ်းသည် ရှိခဲ့ပါ၏။ ရှိမည်ဆိုလျှင် ကြုံတောင့်ကြုံခဲပါ။ ရှိတော့ရှိသည် ရှားမည်ဟု ဆိုရပါမည်။ လူပွဲစားများ ပြောဆိုစည်းရုံးသော အခွင့်အလမ်းသည် မှန်ကန်ခြင်းမရှိ။ ထိုအခွင့်အလမ်းများ၏ နောက်ကွယ်တွင် **ခေါင်းပုံဖြတ်ခြင်း** (Exploitation) အမျိုးမျိုးတို့ ရှိ၊ မရှိ၊ ထိုသို့သော ခေါင်းပုံဖြတ်ခြင်း အမျိုးမျိုးတို့မှ ကာကွယ်နိုင်သော နည်းလမ်းများ၊ သတင်းအချက်အလက်များ စုဆောင်းထားရှိမှု၊ လေ့လာမှု မရှိကြ။ သတင်းအချက်အလက်များ ရယူနိုင်ရန်လည်း မကြိုးစား။ လူပွဲစားများ၏ စည်းရုံးသိမ်းသွင်းမှု၊ မျှော်လင့်ချက်ပေးမှုအောက်တွင် ကျွန်မတို့ အမျိုးသမီးများ လောင်းရိပ်မိကာ အဟုတ်ထင်မှတ်ပြီး စိတ်ကူးယဉ်အိပ်မက်မက်ကာ မျောနေကြသည်။ သတိတစ်ချက်လွတ်သွား၍ တစ်သက်တာဘဝတစ်ခုလုံး ပျက်စီးရတော့မည်ကို မကြောက်ရွံ့၊ မစိုးရိမ်ကြ။ အကြောင်းတရား (Cause) ကြောင့် ရရှိဖြစ်ပေါ်လာမည့် အကျိုးတရား(Effect)ကို မဆင်ခြင်၊ မဝေဖန်၊ မစဉ်းစားကြတော့။

လတ်တလော လူပွဲစားများ၏ ငွေပေါပေါရွှင်ရွှင် သုံးစွဲမှု၊ လက်ဆောင်ပေးမှု၊ မေတ္တာပြမှု၊ အကြင်နာပေးမှု၊ သကာရည်လူးထားသော ဟန်ဆောင်စာနာမှုကို အဟုတ်ထင်မှတ်၍ ယုံမှတ်ကာ ကျွန်မတို့အမျိုးသမီးများက ပုံအပ်ရန် ဆုံးဖြတ်ကြသည်။ အထင်ကြီးကြ၊ အားကိုးကြနှင့် မင်းသားခေါင်းစွပ်ထားသည့် လူသားစား ဘီလူးဖြစ်သည်ကို မတွေးကြ။ ဤကဲ့သို့သော အခြေအနေသည် မရှိဆင်းရဲသားများ၊ အားကိုးရှာနေသူများ၊ မသိနားမလည်သူများ၊ ကြွေးမြီဖြင့် နှောင်ဖွဲ့ခံရသူများ၊ နွမ်းပါးမှုကို ကျော်လွှားလိုသူများနှင့် ရွှေငွေလက်ဝတ်ရတနာတို့ဖြင့် ပြည့်စုံလိုသည့် စီးပွားရေးကို ဖြတ်လမ်းကလိုက်၍ ကြီးပွားလိုသူများ၊ လက်ရှိဘဝထက် မြင့်မားလိုသည့် ရွာကဝွက်ထော်တို့လို အပျိုစင်များအပေါ်တွင် အမြတ်ထုတ် ခေါင်းပုံဖြတ်လိုသူ လူကုန်ကူးသူများအတွက် ရရှိလာသော အခွင့်အရေးတစ်ရပ်ဖြစ်သည်။

လူကုန်ကူးရန် စုဆောင်းခြင်း

အထက်ကဆိုခဲ့သော အခွင့်အရေးများပေါ်လာသည့်အခါ လူပွဲစားများအား လူကုန်ကူးသူမှန်းမသိဘဲ ကယ်တင်ရှင်အဖြစ်လည်းကောင်း၊ အားကိုးရမည့် ပုဂ္ဂိုလ်ကြီးအဖြစ် ယုံကြည်မှုကြောင့် သဒ္ဒါလွန်၍ တဏှာကျွံကာ ချစ်ကြိုက်၍လည်းကောင်း၊ နှစ်ဦးသဘောတူ ခိုးရာလိုက်ပြေး၍လည်းကောင်း၊ မေတ္တာသက်ဝင် ချစ်ခင်စုံမက်ပြီး အကြင်လင်မယားအဖြစ် ပေါင်းသင်းနေထိုင်ခြင်းဖြင့်လည်းကောင်း၊ သမီးရှင်၏ မိဘတို့က အားကိုး၍ လက်ထပ်ထိမ်းမြားပေးစားခြင်းဖြင့်လည်းကောင်း လူကုန်ကူးခံရသူများကို အနှောင့်အယှက်အတားအဆီးမရှိ လူကုန်ကူးသူများက စုဆောင်းရရှိကြသည်။

အချို့ကလည်း လူပွဲစားများထံမှ ငွေချေးငှားသုံးစွဲခြင်းဖြင့် ထိုအကြွေးငွေကို ပြန်မဆပ်နိုင်၍လည်းကောင်း၊ အချို့ကလည်း နိုင်ငံခြားနေ အမျိုးသားနှင့် လက်ထပ်ထိမ်းမြားပေးစား၍ (နိုင်ငံခြားနေ အမျိုးသား၏ ဓာတ်ပုံကို မင်္ဂလာအခမ်းအနားတွင် ထောင်ထားပြီး လူပွဲစား၏ အစီအစဉ်ဖြင့် အမျိုးသမီးတစ်ဦးတည်းဖြင့် မင်္ဂလာအခမ်းအနားကျင်းပခြင်း) မြန်မာပြည်မှ အမျိုးသမီးများကို နိုင်ငံခြားပို့ကုန်အဖြစ် သတ်မှတ်၍ ပို့ပေးခြင်းဖြင့်လည်းကောင်း၊ အချုပ်အားဖြင့်ဆိုသော် လူကုန်ကူးခံရသူများကို စုဆောင်းရာတွင် -

(၁) ပြန်ပေးဆွဲ၍ လည်းကောင်း၊ (၂) ခြိမ်းခြောက်၍ လည်းကောင်း၊ (၃) အလုပ်ကောင်းကောင်းရမည်ဟု လိမ်လည်လှည့်ဖြား၍သော်လည်းကောင်း၊ (၄) ကြွေးမြီဖြင့် ချည်နှောင်၍သော်လည်းကောင်း၊ (၅) သမီးရည်းစားအဖြစ် ချစ်ကြိုက်၍သော်လည်းကောင်း၊ (၆) နှစ်ဦးသဘောတူ ခိုးရာလိုက်ပြေး၍သော်လည်းကောင်း၊ (၇) လက်ထပ်၍ သော်လည်းကောင်း၊ (၈) မိဘများ၊ အုပ်ထိန်းသူများက လက်ထပ်ထိမ်းမြားပေးစား၍ လည်းကောင်း၊ (၉) လူကုန်ကူးသူ၊ လူပွဲစားများကို တန်ခိုးရှင်၊ ဆရာသခင်အဖြစ် ယုံကြည်ပြီး သားသမီးကို ဝတ်ကြီးဝတ်ငယ်ပြုစုစေရန် မိဘအုပ်ထိန်းသူများက စေလွှတ်ပေးအပ်ခြင်းဖြင့် လည်းကောင်း လူကုန်ကူးရန်အတွက် ဖော်ပြပါနည်းမျိုးစုံဖြင့် စုဆောင်းကြသည်ကို သတိပြုရမည်ဖြစ်သည်။

သယ်ယူပို့ဆောင်ခြင်း

ကျွန်မတို့ အမျိုးသမီးများက လင့်မျက်နှာတစ်ရွာထင်ကြသည်။ တစ်ရွာမပြောင်းသူကောင်းမဖြစ်ဟု ခံယူချက်ဖြင့် သျှောင်နောက်ဆံထုံးပါကြသည်။ မောင်ခေါ်ရာလိုက်တော့မယ်ဆိုပြီး ဘဝကိုပုံအပ်၍ ယုံယုံကြည်ကြည်ဖြင့် လိုက်သွားကြသည်။ (အမျိုးကောင်းသားများကို မဆိုလိုပါ။ ခုမြင်၊ ခုကြိုက်၊ ခုလိုက်သွားကြသော တစ်ယောက်အကြောင်း တစ်ယောက်မသိသူများကို သတိပေးခြင်းဖြစ်ပါသည်။) လက်ထပ်ပြီး အပျော်ခရီးထွက်ခြင်း၊ ပျားရည်ဆမ်းခရီးထွက်ခြင်း၊ ဘုရားဖူးသွားခြင်း၊ မရောက်ဖူးသော နယ်စပ်သို့ အလည်သွားခြင်း၊ ခိုးရာလိုက်ပြေးရာတွင်လည်း ချစ်သူခေါ်ဆောင်ရာအရပ်သို့ယုံကြည်စိတ်ချမှုဖြင့် လိုက်သွားခြင်း၊ ထိုသို့ လိုက်ပါရာတွင် နိုင်ငံကူးလက်မှတ်၊ မှတ်ပုံတင်နှင့် ခရီးသွားလာမှုဆိုင်ရာ စာရွက်စာတမ်းများကို လင်ယောကျ်ားဖြစ်သူ သို့မဟုတ် ချစ်သူက လမ်းခရီးတစ်လျှောက် သိမ်းထားကြသည်။ ဤသို့ ထိန်းသိမ်းထားမှုသည် လွတ်လပ်စွာ မသွားလာနိုင်ရန်နှင့် အိမ်သို့မပြန်နိုင်စေရန် ထိန်းချုပ်မှုပင်ဖြစ်သည်။ လမ်းခရီးတစ်လျှောက်လုံး မိမိကိုယ်ပိုင်ဆုံးဖြတ်ခွင့် တစ်စတစ်စ ဆုံးရှုံးလာတတ်ပါသည်။ တစ်နည်းဆိုသော် သယ်ယူပို့ဆောင်ခြင်းကို -

(၁) ပြန်ပေးဆွဲ၍ လည်းကောင်း၊ အင်အားသုံး၍ လည်းကောင်း ဆောင်ရွက်ကြသည်။

(၂) ခရီးဆုံးမရောက်မီ အခြားသော လူကုန်ကူးသူများထံသို့ အကြိမ်ပေါင်းများစွာ လက်ပြောင်းလက်လွှဲ ပြုလုပ်မှုခံရတတ်သည်။

(၃) ခရီးဆုံးမရောက်မီ အဓမ္မပြုခြင်း၊ လိင်မှုဆိုင်ရာအနှောင့်အယှက်ပြုလုပ်မှုတို့ဖြင့် သယ်ယူပို့ဆောင်ခြင်းတို့ကို ခံရမည်ဖြစ်ပါသည်။

ခရီးဆုံး

လူကုန်ကူးခံရသူများသည် အင်အားသုံး အနိုင်ကျင့်ခံရခြင်း၊ လိမ်လည်ဖြားယောင်းခြင်းခံရပြီး တစ်ခါတစ်ရံ ကျွန်ကဲ့သို့ ဆိုးရွားသော ဘဝအခြေအနေသို့ ရောက်သွားကြသည်။ အိမ်စေအဖြစ်လည်းကောင်း၊ စက်ရုံအလုပ်သမားအဖြစ်လည်းကောင်း၊ စိုက်ပျိုးရေးလုပ်ငန်း၌ လည်းကောင်း၊ ငါးဖမ်းသင်္ဘော၌ ရေလုပ်သားအဖြစ် လည်းကောင်း၊ ပြည့်တန်ဆာလုပ်ငန်းတွင် ပြည့်တန်ဆာအဖြစ်လည်းကောင်း အဓမ္မခိုင်းစေခံကြရသည်။ ကိုယ်ပိုင်ဆုံးဖြတ်ပိုင်ခွင့်များ ဆုံးရှုံးပြီး ခြိမ်းခြောက်အကြမ်းဖက်မှုနှင့် အဓမ္မပြုခြင်းများခံကြရသည်။

ပြည့်တန်ဆာအဖြစ်လည်းကောင်း၊ သူတောင်းစားအဖြစ် လည်းကောင်း၊ အိမ်စေအဖြစ်လည်းကောင်း၊ ဇနီးမယားအဖြစ်လည်းကောင်း၊ သဘာဝနှင့်ဆန့်ကျင်ဘက်လိင်ဆက်ဆံမှုကို ခံရခြင်းဖြင့်လည်းကောင်း၊ လူမဆန်စွာ ခိုင်းစေခံရခြင်း၊ လုပ်အားခမရခြင်း၊ နေအိမ်ပြင်ပသို့ မထွက်နိုင်အောင် ပိတ်လှောင်ခံရခြင်း၊ တားဆီးပိတ်ပင်ခံရခြင်း၊ ခန္ဓာကိုယ်မှ အင်္ဂါအစိတ်အပိုင်းများကို အဓမ္မထုတ်ယူခံရခြင်းဖြင့်လည်းကောင်း။

ခရီးသွားစာရွက်စာတမ်းမပါရှိ၍ လုံခြုံရေးအကြောင်းပြကာ တစ်ဖက်နိုင်ငံရှိ ရဲဝန်ထမ်း သို့မဟုတ် လူဝင်မှုကြီးကြပ်ရေးဝန်ထမ်းများထံသို့ အပ်နှံမည်ဟု ခြိမ်းခြောက်ခံရခြင်းကိုလည်းကောင်း ခရီးဆုံး၌ ကျွန်မတို့ အမျိုးသမီးများ ခံကြရမည်ဖြစ်သည်။

မောင်ဘုရားခေါ်ရာနောက်လိုက်မိသူ ဇနီးမယားကြုံတွေ့ရသည့်ဖြစ်ရပ်မှာ ခရီးဆုံးရောက်သည့်အခါတွင် မိတ်ဆွေအိမ်တစ်အိမ်တွင် တည်းခိုသည်ဖြစ်စေ၊ သို့မဟုတ် တည်းခိုခန်းတစ်ခုခုတွင် တည်းခိုပြီး ခင်ပွန်းသည်မောင်ဘုရားက ဇနီးသည်ချစ်သူသက်ထားအတွက်ဆိုကာ အပြင်ထွက်၍ ပစ္စည်းဝယ်မည်ဆိုပြီး တိတ်တဆိတ်ရောင်းစားပြီး ထွက်သွားတတ်ကြပါသည်။ သို့မဟုတ် အကြောင်းပြချက်တစ်ခုခုဖြင့် ပြင်ပသို့ ခဏဟုဆိုကာ ထွက်သွားပြီး ပြန်မလာတော့ပါ။ အမှန်မှာ ခရီးဆုံးရောက်ပြီဖြစ်၍ ငွေနဲ့လဲပြီး စွန့်ပစ်ခြင်း ဖြစ်ပါသည်။ ယခင်က လူကုန်ကူးသူ သုံးစွဲခဲ့သော ငွေကြေးများသည် မိန်းကလေးကို ရောင်းရငွေထဲမှ စိုက်ထုတ်သုံးစွဲခြင်းသာ ဖြစ်ပါသည်။

တစ်ခါတစ်ရံတွင် ခရီးဆုံးမရောက်ခင် အခြားလူကုန်ကူးသူထံသို့ အကြိမ်ပေါင်းများစွာ လက်ပြောင်းလက်လွှဲ ပြုလုပ်တတ်ကြသည်။ ဤဆောင်းပါးတွင် ဖြစ်ရပ်မှန်ဇာတ်လမ်းများစွာကို အကျဉ်းချုံး၍ တင်ပြလိုပါသည်။ မကြာသေးမီက အမျိုးသားတစ်ယောက်က အမျိုးသမီးတစ်ယောက်ကို လက်ထပ်ပြီး ရှမ်းပြည်နယ်ဘက်သို့ ပျားရည်ဆမ်းခရီးသွားရန် မန္တလေးမြို့သို့ ရောက်ရှိလာခဲ့သည်။ မန္တလေးရောက်သည့်အခါ သတင်းအရ အမျိုးသားကို တာဝန်ရှိအဖွဲ့အစည်းများက ဖမ်းလိုက်သဖြင့် အမျိုးသမီးက အကြောင်းမဲ့ဖမ်းသည်ဆိုပြီး မကျေမနပ်ဖြစ်ခဲ့သည်။ ထိုအခါ သက်ဆိုင်ရာက လွန်ခဲ့သောလကလည်း ယခု အမျိုးသားသည် အမျိုးသမီးတစ်ယောက်ကို လက်ထပ်ထိမ်းမြားပြီး မန္တလေးမှတစ်ဆင့် မူဆယ်သို့သွားရောက်ပြီး တစ်ဖက်နိုင်ငံသို့ ခေါ်ယူရောင်းစားခဲ့ကြောင်း၊ ယခုလည်းရောင်းစားဖို့ လက်ထပ်လာတာဆိုပြီး အထောက်အထားတွေ ပြတော့မှ ထိုအမျိုးသမီးသည် ရှက်စိတ်၊ နာကြည်းစိတ်တို့နှင့် ရင်ထုမနာဖြစ်ပြီး သူ့အမှားအတွက် နောင်တရခဲ့သည်။ အလားတူ မြေလတ်ပိုင်းနယ်တစ်နယ်မှ ဆင်းရဲသော ကလေးမလေးကို အလုပ်ကောင်းကောင်းရမည်ဆိုပြီး လူပွဲစားက ကြိုတင်သုံးလစာ ကျပ်တစ်သိန်းငါးသောင်းကို ကလေးမလေး၏ မိဘတွေကိုပေးရာ မိဘများက ငွေများကြောင်း၊ တစ်လစာပဲယူလိုသည်ဆိုပြီး ငွေငါးသောင်းယူကာ ငွေတစ်သိန်းပြန်ပေးလိုက်သည်။ ထိုလူပွဲစားက ကလေးမလေးကို မန္တလေးမှတစ်ဆင့် မူဆယ်သို့ခေါ်ဆောင်သွားပြီး ရောင်းစားခဲ့သည်။ ထိုအခါကျမှ မိဘနှစ်ပါးက သမီးနှင့်အဆက်အသွယ်မရသဖြင့် သက်ဆိုင်ရာသို့ တိုင်ရသည့်အဆင့် ရောက်ခဲ့ရသည်။

နောက်ဖြစ်ရပ်တစ်ခုမှာ ရန်ကုန်မြို့တွင်နေသော မိန်းမပျိုလေးတစ်ယောက်ကို အမျိုးသားတစ်ဦးနှင့် အမျိုးသမီးတစ်ဦးက ကော့သောင်းရှိ ၎င်းတို့၏ စားသောက်ဆိုင်တွင် တစ်လရှစ်သောင်းနှင့် စရိတ်ငြိမ်း မန်နေဂျာခန့်ပေးမည်ဆိုပြီး ကော့သောင်းသို့ ခေါ်သွားသည်။ ကော့သောင်းရောက်လျှင် ၎င်းတို့၏ စားသောက်ဆိုင်၌ အမျိုးသားများနှင့် ကာမစပ်ယှက်ရန် ခိုင်းစေသည်။ ငြင်းဆိုရာ ရိုက်နှက်ခြင်းခံရသည်။

နောက်ဖြစ်ရပ်တစ်ခုမှာ မြဝတီမြို့တွင်နေထိုင်သူ အသက်ခြောက်နှစ်အရွယ် မိန်းကလေး၏ မိဘနှစ်ပါးကွဲသွားခဲ့ပြီး ဖခင်နှင့် မိန်းကလေးမှာ အတူနေသည်။ ဖခင်က နောက်အိမ်ထောင်ပြုသည်။ နောက်အိမ်ထောင် အမျိုးသမီးက ကလေးမလေး အရွယ်ရောက်လာသည့်အချိန်တွင် တစ်ဖက်နိုင်ငံသို့ ပိုက်ဆံသွားတောင်းမည်ဆိုပြီး ခေါ်သွားသည်။ မဲဆောက်သို့ရောက်လျှင် မိထွေးက ၎င်း၏အသိအိမ်တွင် ကလေးမလေးကိုထားပြီး မြဝတီသို့ပြန်သွားသည်။ ထိုအိမ်က ကလေးမလေးကို တည်းခိုခန်းတစ်ခုကိုပို့ပြီး အဓမ္မပြည့်တန်ဆာလုပ်ခိုင်းသည်။ ထို့နောက် ကလေးမလေးအား နောက်အိမ်တစ်အိမ်သို့ ထပ်မံရောင်းစားပြီး မိထွေးက ရွှေဝယ်ယူသည်။ ဖခင်ဖြစ်သူက သမီးကိုရောင်းရသည့်ငွေနှင့် လောင်းကစားလုပ်သည်။ ထိုကိစ္စကို အဘွားဖြစ်သူသိသည့်အချိန်တွင် သက်ဆိုင်ရာသို့ သတင်းပေးတိုင်ကြားခဲ့ရသည်။

အလားတူဖြစ်ရပ်တစ်ခုမှာ မန္တလေးမြို့အနီး ရွာတစ်ရွာက ကလေးမလေးသည် မောင်နှမခြောက်ယောက်အနက် အကြီးဆုံးဖြစ်သည်။ မိသားစုအခက်အခဲကြောင့် ကြုံရာကျပန်းအလုပ်ကို လုပ်ကိုင်ခဲ့ရသည်။ ဝင်ငွေလုံလောက်မှု မရှိပါ။ ထိုအချိန်တွင် လင်မယားဟု ထင်ရသောစုံတွဲတစ်တွဲက တစ်ဖက်နိုင်ငံတွင် အလုပ်ရှိကြောင်း၊ စီးပွားရေးကောင်းကြောင်းပြောသည့်အတွက် မိန်းကလေးက ထိုစုံတွဲနှင့် လိုက်သွားခဲ့သည်။ တာချီလိတ်ကတစ်ဆင့် မယ်ဆိုင်၊ ထိုမှတစ်ဆင့် ချင်ရိုင်ရှိ တည်းခိုခန်းတစ်ခုကို သူမကိုခေါ်သွားသည်။ တည်းခိုခန်းတွင် တစ်ညနားမည်ပြောပြီး ကလေးမလေးကို တည်းခိုခန်းတွင် ထားခဲ့သည်။ မကြာမီ တည်းခိုခန်းပိုင်ရှင်က ကလေးမလေးကို သူ့ထံတွင် အလုပ်လုပ်ရန်၊ ကလေးမလေးအတွက် ငွေကြေးကို ခေါ်လာသူစုံတွဲကို ပေးပြီးပြီဟုပြောပါသည်။ ကလေးမလေးတွင် ပြန်ရန် လမ်းစရိတ်လည်းမရှိ၊ မှတ်ပုံတင်လည်းမရှိသောကြောင့် ခြိမ်းခြောက်ခိုင်းစေသည့်အတိုင်း တည်းခိုခန်းတွင် ပြည့်တန်ဆာအဖြစ်နှင့် လုပ်ကိုင်ခဲ့ရပါသည်။

ထိုဖြစ်ရပ်များမှ သင်ခန်းစာများက မယုံကြည်သင့်သောသူများအား မစူးစမ်းမဆင်ခြင်ဘဲ တွေ့သမျှလူ၊ ပြောသမျှလူကို ယုံကြည်ပြီး ထိုသူတွေကိုအထင်ကြီးကာ အားကိုးမိသည့်အတွက် ဒုက္ခရောက်ကြရကြောင်း၊ ထို့ကြောင့် မြန်မာအမျိုးသမီးများအနေနှင့် လူကုန်ကူးမှု မခံရအောင် မျက်စိကိုဖွင့် နားကိုစွင့်ပြီး လူကုန်ကူးမှုတားဆီးကာကွယ်ရေးဖြစ်ရပ်များကို လေ့လာကြစေလိုပါကြောင်း တိုက်တွန်းရေးသား တင်ပြလိုက်ရပါသည်။ ။

လူကုန်ကူးခံရသူများသည် အင်အားသုံး အနိုင်ကျင့်ခံရခြင်း၊ လိမ်လည်ဖြားယောင်းခြင်းခံရပြီး တစ်ခါတစ်ရံ ကျွန်ကဲ့သို့ ဆိုးရွားသော ဘဝအခြေအနေသို့ ရောက်သွားကြသည်။ အိမ်စေအဖြစ်လည်းကောင်း၊ စက်ရုံအလုပ်သမားအဖြစ်လည်းကောင်း၊ စိုက်ပျိုးရေးလုပ်ငန်း၌လည်းကောင်း၊ ငါးဖမ်းသင်္ဘော၌ ရေလုပ်သားအဖြစ်လည်းကောင်း၊ ပြည့်တန်ဆာလုပ်ငန်းတွင် ပြည့်တန်ဆာအဖြစ်လည်းကောင်း အဓမ္မခိုင်းစေခံကြရသည်။ ကိုယ်ပိုင် ဆုံးဖြတ်ပိုင်ခွင့်များ ဆုံးရှုံးပြီး ခြိမ်းခြောက်အကြမ်းဖက်မှုနှင့် အဓမ္မပြုခြင်းများခံကြရသည်။

လယ်/ဆည် ဝန်ကြီးဌာန ဝန်ကြီး ဦးဌေးဦး မိုးစပါးစိုက်ခင်းများ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဩဂုတ် ၂၇

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးဦးဌေးဦးသည် ဩဂုတ် ၂၂ရက်က ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် ဓနုဖြူမြို့နယ်အတွင်း မော်တော်ကားလမ်းဘေးဝဲယာတစ်လျှောက်၌ မိုးစပါးစိုက်ခင်းများနှင့် ရိတ်သိမ်းတော့မည့် တစ်မိုးနှစ်သီး စပါးစိုက်ခင်းများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဓနုဖြူမြို့နယ် အုန်းပင်ကွင်းကျေးရွာ လယ်သမားကြီးဦးစိန်ဝင်း၏လယ်မြေ၌ တစ်မိုးနှစ်သီး စပါးစိုက်ခင်းတွင် ပထမစပါးဖြစ်သည့် သက်တမ်း ၇၅ရက်ရှိသော ထွန်းသီရိစပါးများကို စက်ဖြင့်ရိတ်သိမ်းခြွေလှေ့နေမှုနှင့် ဒုတိယ စပါးတစ်သီးဖြစ်သည့် သီးထပ်ရင်စပါး စိုက်ပျိုးနေမှုတို့ကို ကြည့်ရှုအားပေးကာ **(အပေါ်ပုံ)** ပလတ်စတစ်ဆန်ခါပိုက်ဖြင့် ပျိုးထောင်ထားသော စပါးပျိုးခင်းနှင့် ခေါင်နှံပျိုးခင်းတို့ကို ကြည့်ရှုစစ်ဆေးသည်။ ယင်းနောက် ဝန်ကြီးသည် ညနေပိုင်းတွင် ဟင်္သာတမြို့ လက်သမားရပ်ကွက် (မြောက်ပိုင်း) ဦးပါရဲဘုရားအနီးရှိ ဟင်္သာတ ကမ်းနားတာကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဒေးဒရဲမြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဖလား ကလပ်အသင်းပေါင်းစုံ ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲအခမ်းအနားကို ဩဂုတ် ၂၄ ရက်က မြို့နယ်အားကစားကွင်း၌ ကျင်းပရာ အနိုင်ရဗိုလ်စွဲခဲ့သော အသင်းအား ဒုတိယရဲမှူးစိုးမြင့်လွင်က တံခွန်စိုက်ဆုဖလားပေးအပ်ပြီး ခရိုင်အား/ကာ ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်သန်းက ပွဲစဉ်တစ်လျှောက် အကောင်းဆုံးဘောလုံးသမားဆုရ ကောင်းမှကောင်းအသင်းမှ ကိုငယ်အား ဂုဏ်ပြုဆုချီးမြှင့်စဉ်။ (၁၅၅)

၂၀၁၀ ခုနှစ် နိုင်ငံတကာ စာတတ်မြောက်ရေးနေ့ အထိမ်းအမှတ် ဆောင်းပါး၊ စာစီစာကုံးနှင့် ပိုစတာပြိုင်ပွဲ ဆုရသူများကြေညာ

နေပြည်တော် ဩဂုတ် ၂၇

၂၀၁၀ ခုနှစ် နိုင်ငံတကာ စာတတ်မြောက်ရေးနေ့အထိမ်းအမှတ် ဆောင်းပါး၊ စာစီစာကုံးနှင့် ပိုစတာပြိုင်ပွဲဆုရသူများစာရင်းကို သက်ဆိုင်ရာက ဩဂုတ် ၂၆ရက်က ထုတ်ပြန်ကြေညာသည်။

အလွတ်တန်း ဆောင်းပါးပြိုင်ပွဲကို "အစဉ် လေ့လာသင်ယူနေသည့် လူ့ဘောင်အဖွဲ့အစည်း ပေါ်ထွန်းလာရေး" ခေါင်းစဉ်ဖြင့် ယှဉ်ပြိုင်ခဲ့ရာ ပထမဆုကို အမှတ်(၃) တပ်မတော်ဆေးရုံ ခုတင်(၁၀၀) အင်းတိုင်မှ ဗိုလ်ချမ်းငြိမ်းသူကလည်းကောင်း၊ ဒုတိယဆုကို သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာခင်ချောစုကြည်ကလည်းကောင်း၊ တတိယဆုကို ပဲခူးမြို့နယ် စာပေနှင့် စာနယ်ဇင်းအဖွဲ့ အလုပ်အမှုဆောင် (ဘဏ္ဍာရေးမှူး) ဒေါ်ခင်ဝတ်ရည် (ဝတ်ရည်ခင်-ပဲခူး) က လည်းကောင်း ရရှိကြသည်။

ပညာရေးတက္ကသိုလ်၊ ကောလိပ်အဆင့် စာစီစာကုံးပြိုင်ပွဲကို "အခြေခံစာတတ်မြောက်ရေးနှင့် စဉ်ဆက်ပညာရေး" ခေါင်းစဉ်ဖြင့် ယှဉ်ပြိုင်ခဲ့ရာ ပထမဆုကို တောင်ငူပညာရေးကောလိပ်မှ DTEd (ပထမနှစ်) ကျောင်းသူ မသွယ်မီကြိုင်ကလည်းကောင်း၊ ဒုတိယဆုကို ဘားအံ ပညာရေးကောလိပ်မှ DTEC ကျောင်းသူ မသီရိစိုးကလည်းကောင်း၊ တတိယဆုကို မော်လမြိုင် ပညာရေးကောလိပ်မှ DTEC ကျောင်းသူ မလဲ့စန္ဒာမွန်ကလည်းကောင်း ရရှိကြသည်။

အခြေခံပညာအထက်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲကို "လူ့ဘောင်ပြည်ရွာ သာယာရေး စာတတ်မြောက်ရေးကြိုးပမ်းပေး" ခေါင်းစဉ်ဖြင့် ယှဉ်ပြိုင်ခဲ့ရာ ပထမဆုကို ရေနံချောင်းမြို့ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းမှ နဝမတန်းကျောင်းသား မောင်ကောင်းမြတ်စံကလည်းကောင်း၊ ဒုတိယဆုကို မွန်ပြည်နယ် မော်လမြိုင်မြို့ အမှတ်(၈) အခြေခံပညာအထက်တန်းကျောင်းမှ အဋ္ဌမတန်းကျောင်းသူ မခိုင်မဠူသင်းကလည်းကောင်း၊ တတိယဆုကို ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးမြို့ အမှတ်(၂) အခြေခံပညာအလယ်တန်းကျောင်းမှ အဋ္ဌမတန်းကျောင်းသူ မဝေဝေခိုင်ကလည်းကောင်း ရရှိကြသည်။

အခြေခံပညာအလယ်တန်းအဆင့် ပိုစတာပြိုင်ပွဲကို "လူတိုင်းအတွက်ပညာရေး စာတတ်မြောက်ရေးဝိုင်းကူပေး" ခေါင်းစဉ်ဖြင့် ယှဉ်ပြိုင်ခဲ့ရာ ပထမဆုကို တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းမှ ဆဋ္ဌမတန်းကျောင်းသူ မစိုးရတနာကလည်းကောင်း၊ ဒုတိယဆုကို ပဲခူးတိုင်းဒေသကြီး (အရှေ့ပိုင်း) ပဲခူးမြို့ အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်းမှ သတ္တမတန်းကျောင်းသား မောင်ကျော်စိုးဟန်ကလည်းကောင်း၊ တတိယဆုကို မွန်ပြည်နယ် မော်လမြိုင်မြို့ အမှတ်(၄) အခြေခံပညာအလယ်တန်းကျောင်းမှ ပဉ္စမတန်းကျောင်းသား မောင်ဖြိုးပြည့်မိုးအောင်ကလည်းကောင်း ရရှိကြသည်။

သတင်းပို့

ပြိုင်ပွဲများတွင် ဆုရရှိသူအားလုံးသည် စက်တင်ဘာ ၄ရက် (စနေနေ့) ညနေထက်နောက်မကျစေဘဲ နေပြည်တော် အမှတ် (၆) အခြေခံပညာအထက်တန်းကျောင်း ကျောင်းအုပ်ကြီး ဒေါက်တာကျော်ဝင်းစိုး ဖုန်း-၀၆၇-၄၂၀၁၃၈ ထံ လူကိုယ်တိုင် မပျက်မကွက် သတင်းပို့ကြရမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၈-၈-၂၀၁၀ (စနေနေ့)

နံနက်ပိုင်း

၅:၀၀ MRTV-4အဖွင့် Logo၊ ပဌာန်းပါဠိတော်+ အင်္ဂုလိမာလသုတ်၊ ဗောဇ္ဈင်္ဂသုတ်၊ ပုဗ္ဗဏှသုတ်
၅:၁၅ MRTV-4 သတင်း
၆:၀၀ **မင်္ဂလာရှိခြင်း၊ မရှိခြင်းနှင့် ပညတ်ပရမတ်ခွဲခြင်း** တရားတော် [ဆရာတော်အရှင်ဇဝန (မေတ္တာရှင်)]
၆:၄၅ သဘာဝတရားတို့ဖြစ်တည်ရာ နာဂစကြာလိုဏ်ဂူတော်မဟာ
၇:၀၀ MRTV-4 သတင်း
၇:၄၅ ရန်ကုန်မြင်ကွင်းကျယ် (Neuropathic Pain နှင့် ပတ်သက်သော ကုထုံးများအကြောင်း ဟောပြောပွဲ)
၈:၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ပြောင်းလဲမရတဲ့အချစ်** (အပိုင်း-၉၁)
၈:၃၀ 7 Golden Girls Live Show (Part-6)
၉:၀၅ Activities in the City (MAMEE ရဲ့ ချက်ချင်းဝယ် ချက်ချင်းပေါက်ကံစမ်းမဲ သင့်ရှေ့ အရောက်ဆုချီးမြှင့်ပွဲ)
၉:၄၀ Global Panorama (ဦးကိုကိုလှိုင်၊ မျိုးမြတ်သူ)
၁၁:၀၀ ဒရမ်တီးခတ်နည်း.... (အခြေခံမှ အဆင့်မြင့်)
၁၁:၂၀ တိုးပွားဆောင်ရွက်နိုင်ငံ့လက် ဖေးကူမွေးမြူတို့အတူ (ဧရာဝတီငါးသားဖောက်စခန်း)
၁၁:၄၅ ခတ်ကြွင်းအာနိသင်ကင်းစင်ဖို့ တမာပိုးသတ်ဆေးသုံးကြစို့
၁၂:၁၀ ရင်သပ်ရှုမောဖွယ်ရာ.... အံ့သြသင့်ဖွယ်ရာ.... စိတ်၏ငြိမ်းချမ်းမှုများ ပေါင်းစုံရာ....
၁၂:၁၅ ချည်ခင်ကိုမယ်ရှင်းလို့ ရက်ကာအမြဲဝတ်မယ် ထာဝစဉ်....
၁၂:၄၀ သူဌေးချောင်း၏ ရေအလျင်.... လျှပ်စစ်စွမ်းအားဂုဏ်အသွင်
၁:၀၀ **မင်္ဂလာရှိခြင်း၊ မရှိခြင်းနှင့် ပညတ်ပရမတ်ခွဲခြင်း** တရားတော် [ဆရာတော်အရှင်ဇဝန (မေတ္တာရှင်)]
၁:၄၅ သဘာဝတရားတို့ဖြစ်တည်ရာ နာဂစကြာလိုဏ်ဂူတော်မဟာ
၂:၀၀ MRTV-4သတင်း
၂:၄၅ သွားမယ်စားမယ် (THAI KITCHEN Noodle & Thai Food)
၃:၁၅ Activities in the City (MAMEE ရဲ့ ချက်ချင်းဝယ် ချက်ချင်းပေါက်ကံစမ်းမဲ သင့်ရှေ့ အရောက်ဆုချီးမြှင့်ပွဲ)
၃:၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ပြောင်းလဲမရတဲ့အချစ်** (အပိုင်း-၉၁)
၄:၁၅ **အိမ်တွင်းပုန်းများမကြည့်ရ** နေတိုး၊ သက်မွန်မြင့် (ဒါရိုက်တာ-ဇာဏီထက်လင်း)
၄:၂၅ ဓာတ်ကြွင်းအာနိသင်ကင်းစင်ဖို့ တမာပိုးသတ်ဆေးသုံးကြစို့
၄:၄၅ တိုးပွားဆောင်ရွက်နိုင်ငံ့လက် ဖေးကူမွေးမြူတို့အတူ (ဧရာဝတီငါးသားဖောက်စခန်း)
၅:၁၅ ဒရမ်တီးခတ်နည်း.... (အခြေခံမှ အဆင့်မြင့်)
၅:၃၀ MRTV-4 ကာတွန်းအစီအစဉ်
၆:၀၀ MRTV-4 သတင်း
၆:၂၀ သွားမယ်စားမယ် (THAI KITCHEN Noodle & Thai Food)
၆:၄၀ ပန်းချီပြခန်း (Beyond Mandalay Art Exhibition)
၆:၅၅ 7 Golden Girls Live Show (Part-7)
၇:၄၅ Talent Show (နန်းတွင်းယိမ်းအကနှင့် ဆိမ်းခွက်အက)
၈:၀၀ MRTV-4 သတင်း
၈:၂၅ Barclays Premier League **(Blackpool Vs Fulham)**
၁၀:၂၅ စွမ်းရည်ထက်မြက် မြန်မာ့မျက်လှည့်
၁၀:၅၅ Barclays Premier League **(Man U Vs West Ham)**
၁၂:၄၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ပြောင်းလဲမရတဲ့အချစ်** (အပိုင်း-၉၁)

MRTV-4 အစီအစဉ်ကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

Barclays Premier League ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၆:၁၀	Blackburn -Arsenal	ESPN (Live)
၈:၂၅	Chelsea -Stoke	ESPN(Live)
	Blackpool -Fulham	Star Sports (Live)
၁၀:၅၅	Man U -West Ham	ESPN (Live)
၁၁:၀၀	Tottenham -Wigan	Star Sports (SDD)

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဟောပြောပွဲ မော်လမြိုင်မြို့နယ် အထက(၃)၌ ကျင်းပ

ရန်ကုန် ဩဂုတ် ၂၇

မွန်ပြည်နယ်ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ၏ စီစဉ်ကြီးကြပ်မှုဖြင့် မော်လမြိုင်မြို့နယ်ယာဉ်ထိန်းတပ်ဖွဲ့မှ ကြီးမှူးကျင်းပသော ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းအသိပညာပေးဟောပြောပွဲအခမ်းအနားကို ဩဂုတ် ၁၂ရက် နံနက် ၁၀နာရီက မော်လမြိုင်မြို့နယ် အမှတ်(၃) အခြေခံပညာ အထက်တန်းကျောင်း မြတ်ပန်းတော်ဝင်ခန်းမ၌ကျင်းပရာ အခမ်းအနားတွင် ကျောင်းအုပ်ဆရာမကြီး ဒေါက်တာ ချိုချိုမြတ်အောင်က အမှာစကားပြောကြားပြီး ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီဝင် ယာဉ်ထိန်း (တာဝန်ခံ) ဒုတိယရဲမှူးမြင့်အေးက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းအကြောင်း ဟောပြောပို့ချမှုကိုလည်းကောင်း၊ ဒုတိယရဲအုပ်အောင်နိုင်က စက်ဘီးစီးသူများနှင့် ခြေကျင်လျှောက်သူများ လိုက်နာရမည့် စည်းကမ်းချက်များကိုလည်းကောင်း၊ ဒုတိယရဲအုပ်အောင်အောင်နိုင်က ဆိုင်ကယ်စီးသူများလိုက်နာရမည့် စည်းကမ်းချက်များနှင့်လက်အချက်ပြစနစ်များကိုလည်းကောင်း ရှင်းလင်းဟောပြောခဲ့ကြသည်။ **(အပေါ်ပုံ)**

လက်ကမ်းစာစောင်

ဆက်လက်၍ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဇာတ်လမ်းခွေနှင့် လက်ကမ်းစာစောင်များကို ယာဉ်ထိန်း (တာဝန်ခံ) ဒုတိယရဲမှူးမြင့်အေးက ကျောင်းအုပ်ဆရာမကြီးထံ ပေးအပ်ခဲ့ကြောင်း သိရသည်။ (၀၁၄)

နိုင်ငံခြားဇာတ်ကားသစ်နှစ်ကား အပြိုင်ရုံတင်

ရန်ကုန် ဩဂုတ် ၂၇

ဒါရိုက်တာ ကိုဇော် (အရဏ်ဦး)၏ **ကျောက်သင်ပုန်းတွေမိုးထားတဲ့အိမ်** ဇာတ်ကားမှာ သမ္မတ၊ သွင်နှင့် မင်္ဂလာရုံများတွင် ဆက်လက်ပြသနေသည်။ **(ယာပုံ)**

ယခုအပတ် သောကြာနေ့တွင် နိုင်ငံခြားဇာတ်ကားသစ်နှစ်ကားဖြစ်သော **Salt** နှင့် **The Sorcerer's Apprentice** တို့ အပြိုင်ရုံဝင်လာသည်။ Salt ဇာတ်ကားတွင် အဓိကသရုပ်ဆောင်အဖြစ် အိန်ဂျလီနာဂျိုလီပါဝင်ထားပြီး နေပြည်တော်ရုံတွင် ရုံဝင်လာသည်။

ရှေ့ဆောင်ရုံတွင် ရုံဝင်လာသော ဇာတ်ကားမှာ **မှော်ဆရာ**ဇာတ်ကား **The Sorcerer's Apprentice** ဖြစ်ပြီး ဝဇီရာ(၁)၊ ရွှေဗဟိုဘုရင့်နောင်၊ ဧရာဝတီရုံများတွင် **ဟတ်ထိတယ်** ဇာတ်ကား ဆက်လက်ပြသနေသည်။ နဝဒေးနှင့် မဟာမြိုင်ရုံတွင် **အသည်းကွဲဒယ်ဒီ** အဆင့်မြင့်မြန်မာဗီဒီယိုဇာတ်ကား ရုံဝင်လာသည်။ **(မြန်မာ့အလင်း)**

ကိုကြီးစိုး (ရုပ်ရှင်သတင်းထောက်)

ဖြူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဖြူးမြို့ အမှတ်(၃၉)လမ်း ကတ္တရာလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ပဲခူးတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးတင်ဝင်း ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးအောင်မြင့်ဌေးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးတင်အောင်ဌေးတို့ ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

မန်ယူ၊ ချယ်လ်ဆီးနဲ့ အာဆင်နယ် ဆက်လက်အားပြိုင်မယ့် ပရီမီယာလိဂ်ပွဲစဉ် (၃)

စုစည်းရေးသားသူ - မြင့်မောင်စိုး

လန်ဒန် ဩဂုတ် ၂၇

ယခုသီတင်းပတ် စနေနဲ့ တနင်္ဂနွေနေ့များမှာ ပရီမီယာလိဂ်ပွဲစဉ် (၃) ယှဉ်ပြိုင်ကြမှာဖြစ်ပါတယ်။ ပြီးခဲ့တဲ့အပတ်က ချယ်လ်ဆီးနဲ့ အာဆင်နယ်တို့ဟာ ပြိုင်ဘက်အသင်းတွေကို ဂိုးပြတ်နိုင်ပြီး အောင်ပွဲခံခဲ့ကြပေမယ့် မန်ယူကတော့ သရေပွဲနဲ့ ကြုံခဲ့ရပါတယ်။

ဩဂုတ် ၂၈ရက် **(ယနေ့)** ညပိုင်းမှာတော့ ဘလက်ဘန်းနဲ့ အာဆင်နယ်၊ ဘလက်ပူးလ်နဲ့ ဖူလ်ဟမ်၊ ချယ်လ်ဆီးနဲ့ စတုတ်၊ စပါးနဲ့ ဝီဂန်၊ ဂူလ်ဗာဟမ်တန်နဲ့ နယူးကာဆယ်၊ မန်ယူနဲ့ ဝက်စ်ဟမ်းတို့ ပွဲတွေကစားမှာ ဖြစ်ပါတယ်။

မန်ယူတိုက်စစ်မှူး ရွန်နေ။

ဩဂုတ် ၂၉ရက် **(မနက်ဖြန်)**မှာတော့ ဘော်လ်တန်နဲ့ ဘာမင်ဂမ်၊ လီဗာပူးနဲ့ ဝက်စ်ဘရွန်း၊ ဆန်းဒါးလန်းနဲ့ မန်စီးတီး၊ အက်စ်တွန်ဗီလာနဲ့ အဲဗာတန်တို့ ပွဲတွေကစားကြပါလိမ့်မယ်။

ဘလက်ဘန်း-အာဆင်နယ်

ဒီပွဲမှာ အာဆင်နယ်က အဝေးကွင်း ကစားရမှာပါ။ ပြီးခဲ့တဲ့အပတ်က ဘလက်ပူးလ်ကို ဂိုးပြတ်နိုင်ခဲ့တဲ့ အာဆင်နယ် လူငယ်တွေဟာ ယခုအပတ်မှာလည်း ဘလက်ဘန်းကွင်းမှာ နိုင်ပွဲအဖြေရှာနိုင်မယ်လို့ မျှော်လင့်ရပါတယ်။ ဒါပေမယ့် နိုင်ပွဲရဖို့ ကြိုးစားနေတဲ့ ဘလက်ဘန်းဟာ သူ့ကွင်း သူ့ပရိသတ်ရှေ့မှာ အာဆင်နယ်ကို သရေကျအောင်ကစားဖို့ ကြိုးစားမှာ သေချာပါတယ်။

ချယ်လ်ဆီး-စတုတ်

နိုင်ပွဲစဖို့ ရုန်းကန်ကြိုးစားနေရတဲ့ စတုတ်အသင်းဟာ ဒီတစ်ပတ်မှာလည်း ချယ်လ်ဆီးရဲ့ အိမ်ကွင်းမှာ သွားရောက်ကစားရမှာဆိုတော့ မျှော်လင့်ချက်ကတော့ သိပ်မရှိလှပါဘူး။ ဒီပွဲမှာ ချန်ပီယံချယ်လ်ဆီးတို့ အနေနဲ့ သူ့ကွင်း သူ့ပရိသတ်ရှေ့မှောက်မှာ ထိုက်တန်တဲ့ ရမှတ်သုံးမှတ်ကို ရယူပြနိုင်မယ်လို့ မျှော်လင့်ရပါတယ်။

မန်ယူ-ဝက်စ်ဟမ်း

ပြီးခဲ့တဲ့အပတ်က ဖူလ်ဟမ်နဲ့ ကစားခဲ့တဲ့ မန်ယူဟာ ပွဲပြီးခါနီးမှာ ဖူလ်ဟမ်က ချေပဂိုးသွင်းယူလိုက်တာကြောင့် တစ်ဖက်နှစ်ဂိုးစီသရေကျပြီး မန်ယူတို့ ရမှတ်နှစ်မှတ် ဆုံးရှုံးသွားပါတယ်။ ဒီအပတ်မှာတော့ အိမ်ကွင်းမှာ ဖာဂူဆန်ရဲ့ ကစားသမားတွေဟာ အိမ်ကွင်းကနေ ဝက်စ်ဟမ်းအသင်းကို စောင့်ကြိုနေပါတယ်။ ဒီပွဲမှာ မန်ယူတို့နိုင်ပွဲပြန်စနိုင်မယ်လို့ မျှော်လင့်ရပါတယ်။

စပါး- ဝီဂန်

ဒီတစ်ပတ်မှာ စပါးတို့ အိမ်ကွင်းကစားရမှာဆိုတော့ ပြီးခဲ့တဲ့စတုတ်နဲ့ကစားခဲ့တဲ့ ရလဒ်တွေထက် ပိုကောင်းလာမယ်လို့ ယူဆရပါတယ်။ ပြီးခဲ့တဲ့အပတ်က စပါးအသင်းက စတုတ်ကို နှစ်ဂိုး-တစ်ဂိုးနဲ့ အဝေးကွင်းကစားပြီး နိုင်ခဲ့တာဖြစ်ပါတယ်။ ပီတာခရောက်ချ်နဲ့ ဒီဖိုးတို့ရဲ့ ဂိုးတွေနဲ့ စပါးတို့အိမ်ကွင်းမှာ ဆက်လက်အောင်ပွဲခံမယ်လို့ မျှော်လင့်ရပါတယ်။

လီဗာပူး-ဝက်စ်ဘရွန်း

ပြီးခဲ့တဲ့အပတ်က မန်စီးတီးကို ဂိုးပြတ်ရှုံးနိမ့်ခဲ့တဲ့ လီဗာပူးဟာ ယခုသီတင်းပတ်မှာတော့ အိမ်ကွင်းမှာ ဝက်စ်ဘရွန်းကို အနိုင်ကစားပြီး ရမှတ်သုံးမှတ်ရယူနိုင်မယ်လို့ မျှော်လင့်ရပါတယ်။ လီဗာပူးဟာ အဖွင့်ပွဲမှာလည်း အာဆင်နယ်နဲ့ သရေကျခဲ့ပါတယ်။ ဒါကြောင့်မို့ ဒီပွဲဟာ လီဗာပူးအနိုင်ကစားမယ့်ပွဲလို့ ခန့်မှန်းရပါတယ်။

ဆန်းဒါးလန်း-မန်စီးတီး

ဒီနှစ်မှာ ငွေပုံအောပြီး ကစားသမားကောင်းတွေ ခေါ်ယူခဲ့တဲ့ မန်စီးတီးဟာ ဆန်းဒါးလန်းရဲ့ အိမ်ကွင်းမှာ သွားရောက်ကစားရမှာ ဖြစ်ပါတယ်။ ပြီးခဲ့တဲ့အပတ်က လီဗာပူးကို သုံးဂိုးပြတ်နဲ့ အနိုင်ရလိုက်တာကြောင့် ကစားသမားတွေရဲ့ ယုံကြည်မှုစိတ်ဓာတ်ကတော့ အပြည့်အဝ ရှိနေပါတယ်။

မျှော်လင့်

ယခုနှစ် ပရီမီယာလိဂ်မှာ ချယ်လ်ဆီး၊မန်ယူ၊ အာဆင်နယ်တို့နဲ့အပြိုင် ထိပ်သီးစာရင်းဝင် ဖြစ်လာမယ်လို့ ရေပန်းစားနေတဲ့ မန်စီးတီးဟာ ဆန်းဒါးလန်းအိမ်ကွင်းမှာလည်း နိုင်ပွဲအဖြေရှာနိုင်မယ်လို့ မျှော်လင့်ရပါတယ်။ ။

ချယ်လ်ဆီးတိုက်စစ်မှူး ဒရော့ဂ်ဘာ။

ကိုးကား-အင်တာနက်

ချန်ပီယံလိဂ်အုပ်စုပွဲစဉ်များထုတ်ပြန် လက်ရှိချန်ပီယံအင်တာမီလန် စပါးနှင့်တွေ့မည်

အာကာကျော် - ရေးသားသည်

လန်ဒန် ဩဂုတ် ၂၇

ချန်ပီယံလိဂ်အုပ်စုယှဉ်ပြိုင်မည့် အုပ်စုများကို ဩဂုတ် ၂၇ရက်က ထုတ်ပြန်ကြေညာလိုက်ပြီဖြစ်ရာ စပါးအသင်းက လက်ရှိချန်ပီယံ အင်တာမီလန်အသင်းနှင့် တစ်အုပ်စုတည်း ကစားရမည်ဖြစ်သည်။

ပါဝင်

အင်တာမီလန်နည်းပြ ရာဖေးလ်ဘင်နီတက်ဇ်သည် စပါးနှင့်တစ်အုပ်စုတည်း ကျသည့် အုပ်စု (A)တွင် ပါဝင်သဖြင့် အင်္ဂလန်သို့ ပြန်လာကစားရမည်ဖြစ်သည်။ ၎င်း (A)အုပ်စုတွင် ဝါဒါဘရီမင်နှင့် အက်ဖ်စီတွမ်တီးတို့လည်း ပါဝင်သည်။

မန်ယူက စကော့တလန်ချန်ပီယံ ရိန်းဂျားစ်အသင်းနှင့် အုပ်စု (C)တွင် ပါဝင်သည်။ ၎င်းအုပ်စု (C)တွင် ဗလင်စီယာနှင့် ဘာဆာစပေါ်အသင်းတို့လည်း ပါဝင်သည်။ ချယ်လ်ဆီးက အုပ်စု (F)တွင် ပါဝင်ပြီး မာဆေး၊ စပါးတပ်စ်မော်စကို၊ ဇီလီနာကလပ်များနှင့် ကစားရမည်ဖြစ်သည်။

အင်တာမီလန်အသင်းကို ယှဉ်နိုင်ဖို့ စပါးလူငယ်ကစားသမားများ ဤသို့ အသင့်ရှိနေသည်။ (အင်တာနက်ဓာတ်ပုံ)

အာဆင်နယ် လူငယ်များက အုပ်စု(H)တွင်ပါဝင်ပြီး ရှက်တာဒိုးနက်၊ ဘရာဂါ၊ ပါတီဇန်ဘဲဂရိတ်ကလပ်များနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

သွားရောက်ကစား

ပရီမီယာလိဂ်အသင်း စပါးက စက်တင်ဘာ ၁၄ရက်တွင် ဝါဒါဘရီမင်သို့ အဝေးကွင်း သွားရောက်ကစားအပြီး အောက်တိုဘာ ၂၀ရက်တွင် အင်တာမီလန်ကွင်းသို့ သွားရောက်ကစားရမည်ဖြစ်သည်။

အုပ်စု (G) တွင် အေစီမီလန်၊ ရီးရဲမက်ဒရစ်နှင့် အေဂျက်ဇ်တို့ ပါဝင်သဖြင့် အုပ်စုပွဲကျပ် ကစားရမည်ဖြစ်သည်။ ယင်းအုပ်စုတွင် အော်ဇေးကလပ်လည်း ပါဝင်သည်။ ပွဲကျပ်ကစားရသော်လည်း အေစီမီလန်ကို မိမိတို့ မစိုးရိမ်ကြောင်း ရီးရဲမက်ဒရစ် ဒါရိုက်တာ ဘူထရာဂူနီက ပြောကြားသည်။

အသင့်ပြင်

မန်ယူနှင့် ရိန်းဂျားစ်တို့သည် စက်တင်ဘာ ၁၄ရက်တွင် အိုးထရက်ဖို့ဒ်၌ ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ မန်ယူအနေဖြင့် စကော့တလန်ကလပ်ကို ယှဉ်ပြိုင်ရန် အသင့်ပြင်ထားကြောင်း မန်ယူအမှုဆောင်အရာရှိချုပ် ဒေးဗစ်ဂေးလ်က ပြောကြားသည်။

ပြန်လည်ဆုံစည်း

ချယ်လ်ဆီးနှင့် ပြင်သစ်တောင်ပိုင်းကလပ် မာဆေးအသင်းတို့သည် ဒီဇင်ဘာ ၈ရက်တွင် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ တိုက်စစ်မှူး ဒရော့ဘာသည် မာဆေးအသင်းမှ ကစားဖော်ဟောင်းများနှင့် ပြန်လည်ဆုံစည်းခွင့် ရမည်ဖြစ်သည်။

ချယ်လ်ဆီးအသင်းသည် အုပ်စုမှကျော်လွှားနိုင်မည်ဟု ရေပန်းစားနေသည်။ တိုက်စစ်မှူး ဒရော့ဘာကလည်း အုပ်စုပွဲများ အနိုင်ကစားသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

အုပ်စု(A)
အင်တာမီလန်၊ ဝါဒါဘရီမင်၊ စပါး၊ အက်ဖ်စီတွမ်တီး

အုပ်စု(B)
လိုင်ယွန်၊ ဘင်ဖီကာ၊ ရှော်လ်ကေး၊ ဟာဖိုတဲလ်အဗစ်

အုပ်စု(C)
မန်ယူ၊ ဗလင်စီယာ၊ ရိန်းဂျားစ်၊ ဘာဆာစပေါ်

အုပ်စု(D)
ဘာစီလိုနာ၊ ပနာသီနိုင်ကို့စ်၊ အက်ဖ်စီကိုပင်ဟေဂင်၊ ရူဘင်ကာဇန်

အုပ်စု(E)
ဘိုင်ယန်မြူးနစ်၊ ရိုးမား၊ ဘေဆယ်၊ စီအက်ဖ်အာစလတ်

အုပ်စု(F)
ချယ်လ်ဆီး၊ မာဆေး၊ စပါးတပ်စ်မော်စကို၊ ဇီလီနာ

အုပ်စု(G)
အေစီမီလန်၊ ရီးရဲမက်ဒရစ်၊ အေဂျက်ဇ်၊ အော်ဇေး

အုပ်စု(H)
အာဆင်နယ်၊ ရှက်တာဒိုးနက်၊ ဘရာဂါ၊ ပါတီဇန်ဘဲဂရိတ်

(အင်တာနက်)

❖ ကောင်းမြတ်သူ - ရေးသားသည် ❖

တိုက်စစ်မှူး အီဘရာဟင်မိုဗစ်အား ထိပ်သီးကလပ်သုံးခု ဆက်သွယ်

ဘာစီလိုနာ ဩဂုတ် ၂၇

ဘာစီလိုနာတိုက်စစ်မှူး ဇလတ်တန် အီဘရာဟင်မိုဗစ်သည် ချူးကင့်မှထွက်ခွာမည်ဖြစ်ကြောင်း ၎င်း၏ အေးဂျင့်က ပြောကြားသည်။

ဆက်သွယ်

၎င်းအား အေစီမီလန်၊ ရီးရဲမက်ဒရစ်နှင့် မန်စီးတီးတို့က ခေါ်ယူရန် ဆက်သွယ်ထားသည်။ ဆွီဒင်တိုက်စစ်မှူး အီဘရာဟင်မိုဗစ်သည် ဘာစီလိုနာသို့ စပိန်တိုက်စစ်မှူး ဒေးဗစ်ဗီလာ ရောက်လာပြီးနောက် နေရာမရဖြစ်ခဲ့ရသည်။ **(အင်တာနက်)**

လီဗာပူးမှ မာရှေယာနို ဘာစီလိုနာသို့ ပြောင်းရွှေ့မည်

လန်ဒန် ဩဂုတ် ၂၇

လီဗာပူး ကွင်းလယ်ကစားသမား မာရှေယာနိုသည် ဘာစီလိုနာသို့ ပြောင်းရွှေ့ရန် သဘောတူညီထားပြီဖြစ်သည်။

ပြောင်းရွှေ့

အာဂျင်တီးနား ကွင်းလယ်ကစားသမား မာရှေယာနိုသည် ဘာစီလိုနာက ပေါင် ၁၈သန်းဖြင့် ခေါ်ယူရန် သဘောတူထားသည်။ ၎င်းသည် ၂၀၀၇ ခုနှစ်က ဝက်စ်ဟမ်းမှ လီဗာပူးသို့ ပြောင်းရွှေ့လာခြင်းဖြစ်သည်။

အသက် ၂၆နှစ်အရွယ်ရှိ မာရှေယာနိုအား ဘာစီလိုနာက လေးနှစ်စာချုပ် ချုပ်ဆိုဖွယ်ရှိသည်။ မာရှေယာနိုအား လီဗာပူးနည်းပြဟောင်း အင်တာမီလန်နည်းပြဖြစ်လာသည့် ရာဖေးလ်ဘင်နီတက်ဇ်ကလည်း ခေါ်ယူရန် ကမ်းလှမ်းခဲ့ကြောင်း သိရသည်။ **(အင်တာနက်)**

ယူရို ၂၀၁၂ ခြေစစ်ပွဲ ဒီဖိုးလွဲချော်နိုင်

လန်ဒန် ဩဂုတ် ၂၇

စပါးတိုက်စစ်မှူး ဂျာမိန်းဒီဖိုးသည် လာမည့်သီတင်းပတ်တွင် ပေါင်ခြံခွဲစိတ်ကုသမှု ခံယူရမည်ဖြစ်၍ ယူရို ၂၀၁၂ အင်္ဂလန်အသင်း ခြေစမ်းပွဲများတွင် ပါဝင်နိုင်မည်မဟုတ်ကြောင်း ၎င်းကလပ်က ကြေညာသည်။ အသက် ၂၇နှစ်ရှိ ဒီဖိုးသည် ယင်းခွဲစိတ်ခံရမှုကြောင့် တစ်လကြာ အနားယူရမည်ဟုဆိုသည်။

ခြေစစ်ပွဲကစား

အင်္ဂလန်အသင်းသည် ဘူလ်ဂေးရီးယားနှင့် စက်တင်ဘာ ၃ရက်တွင် လည်းကောင်း၊ စက်တင်ဘာ ၇ရက်၌ ဆွစ်ဇာလန်အသင်းနှင့်လည်းကောင်း ယူရိုခြေစစ်ပွဲကစားရမည် ဖြစ်သည်။ **(အင်တာနက်)**

ဆီဗီလာ နောက်တန်းလူ စကွီလာစီ အာဆင်နယ် ခေါ်ယူစာချုပ်



လန်ဒန် ဩဂုတ် ၂၇

အာဆင်နယ်က ဆီဗီလာမှ ပြင်သစ် နောက်တန်းကစားသမား ဆီဘက်စတိန်း စကွီလာစီအား ခေါ်ယူစာချုပ်လိုက်သည်။

ခြေစွမ်းပြကစား

အသက် ၃၀အရွယ်ရှိ စကွီလာစီသည် လိုင်ယွန်နှင့် မိုနာကိုကလပ်များတွင်လည်း ကစားခဲ့သူဖြစ်သည်။ ဆီဗီလာအသင်းတွင် ချန်ပီယံလိဂ်ပြိုင်ပွဲများ၌ ခြေစွမ်းပြကစားခဲ့သူဖြစ်ပြီး အာဆင်နယ်နည်းပြဝင်းဂါးအကြိုက် ကစားသမားတစ်ဦးလည်း ဖြစ်သည်။

ယခုအခါ စကွီလာစီသည် အာဆင်နယ်နှင့် ဆေးစစ်မှုများ ပြုလုပ်လျက်ရှိသည်။ မကြာမီ အာဆင်နယ် နောက်တန်းတွင် တွေ့ရတော့မည်ဖြစ်သည်။

(အင်တာနက်)

ရေယာဉ်လေလံကြေညာ

၁။ ဖမ်းဆီးရမိရေယာဉ်များ ကြီးကြပ်ကွပ်ကဲရေးအဖွဲ့၊ စစ်ထောက်ချုပ်ရုံးမှဖမ်းဆီးရမိရေယာဉ်(၈)စင်းအား လေလံတင်ရောင်းချပွဲများကို အောက်ဖော်ပြပါမြို့/ရက်များအတိုင်း ကျင်းပပြုလုပ်သွားမည်ဖြစ်ပါသည်။

စဉ်	ရေယာဉ်အမည် အမျိုးအစား	အတိုင်းအတာ (ပေ)	အင်ဂျင်/ မြင်းကောင်ရေ
မြိတ်(၃၀-၈-၂၀၁၀)			
၁။	အမည်မရှိ၊ သစ်ခိုးလှေ	၇၂×၁၁×၅	ဟီးနိုးအီးကေ ၁၀၀(၆)လုံးထိုး၊ မြင်း-၂၈၀
ပုသိမ်(၃၀-၈-၂၀၁၀)			
၁။	အမည်မရှိ၊ သစ်ခိုးလှေ	၇၇×၂၀×၉	ဟီးနိုး(၆)လုံးထိုး၊ မြင်း၂၀၈၊ မီးစက်တရုတ်နီ၊ မြင်း-၇.၂၅(၁)လုံး ရေစုပ်စက်ချန်ချိုင်း၊ မြင်း-၁၈ (၁)လုံး
စစ်တွေ(၃၀-၈-၂၀၁၀)			
၁။	အမည်မဲ့၊ မှောင်ခိုလှေ	၄၅×၁၂×၅	7C အင်ဂျင်၊မြင်း-၁၈၀
၂။	အမည်မဲ့၊ နွားမှောင်ခိုလှေ	၇၀×၁၇×၅	ဟီးနိုး:EF-၅၀၀၊ မြင်း ၂၄၀ (၁)လုံး ဟီးနိုး:PO-7C၊ မြင်း-၁၃၀(၁)လုံး
၃။	အမည်မဲ့၊ သစ်မှောင်ခိုလှေ	၅၀×၁၁×၄	ဂျင်ဒေါင်းအင်ဂျင်၊ မြင်း ၃၀
ကော့သောင်း(၃၁-၈-၂၀၁၀)			
၁။	အမည်မဲ့၊ သစ်ခိုးလှေ	၅၀×၈×၇	ဟီးနိုး(၆)လုံးထိုး၊ မြင်း-ဖတ်မရ
၂။	အမည်မဲ့၊ သစ်ခိုးလှေ	၅၀×၁၄×၃	တရုတ်အင်ဂျင်၊မြင်း-၂၅(၂)လုံး
၃။	အောင်တံခွန်ငါးဖိုးခွဲလှေ	၄၀×၈.၅×၄.၅	တရုတ်အင်ဂျင်၊ မြင်း၁၃(၁)လုံး၊ မြင်း -၂၅(၁)လုံး

၂။ လေလံတင်ရောင်းချခြင်းအား အသေးစိတ်သိလိုပါက ဖမ်းဆီးရမိရေယာဉ်များ ကြီးကြပ်ကွပ်ကဲရေးအဖွဲ့၊ စစ်ထောက်ချုပ်ရုံးနှင့် သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များသို့ စုံစမ်းနိုင်ပါသည်-

ဖမ်းဆီးရမိရေယာဉ်များကြီးကြပ်ကွပ်ကဲရေးအဖွဲ့
စစ်ထောက်ချုပ်ရုံး

စစ်ထောက်ချုပ်ရုံး	- ဖုန်း-၀၃၆-၃၁၀၉၅၊ ၀၃၆-၃၁၁၁၈၊
မြိတ်/ကော့သောင်း	- ဖုန်း-၀၃၁-၄၀၀၆၈၊ ၀၅၉-၅၁၆၆၁
ပုသိမ်ဒေသ	- ဖုန်း-၀၃၁-၂၁၀၆၇၊ ၀၃၁-၂၁၀၆၉
စစ်တွေဒေသ	- ဖုန်း-၀၄၃-၂၃၉၈၆

ချိပ်ပိတ်တင်ဒါခေါ်ယူခြင်း

၁။ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ မြန်မာ့စက်မှုသီးနှံဖွံ့ဖြိုးရေးလုပ်ငန်း၊ ဝါနှင့်ပိုးချည်လုပ်ငန်းဌာနမှဝါစိုက်ပျိုးရေးခြံများနှင့် မျိုးသန့်ဝါစိုက်ခင်းများတွင် အသုံးပြုရန်အတွက် လိုအပ်သောပိုးသတ်ဆေး၊ ပေါင်းသတ်ဆေးနှင့် ဓာတ်မြေဩဇာများကို မြန်မာကျပ်ငွေဖြင့်ဝယ်ယူလိုပါသဖြင့် ချိပ်ပိတ်တင်ဒါဈေးနှုန်းများ တင်သွင်းနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

၂။ ဝါနှင့်ပိုးချည်လုပ်ငန်းဌာနမှ သတ်မှတ်ထားသော တင်ဒါပုံစံဖြင့်သာ တင်သွင်းခွင့်ရှိပါသည်။ တင်ဒါစည်းကမ်းနှင့်ဈေးနှုန်း အဆိုပြုလွှာများအား ဌာနမှ သတ်မှတ်နှုန်းထားဖြင့်ဝယ်ယူနိုင်ပြီး အသေးစိတ်အချက်အလက်များအား သိရှိလိုပါက ဝါနှင့်ပိုးချည်လုပ်ငန်းဌာန(ရုံးချုပ်)၊ တိုးချဲ့စိုက်ပျိုးရေးနှင့် စီမံကိန်းဌာနခွဲ(တယ်လီဖုန်းအမှတ်-၆၆၅၆၉၄၊ ၆၆၆၀၈၃) တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

(က) တင်ဒါစည်းကမ်းနှင့်ဈေးနှုန်းအဆိုပြုလွှာ စတင်ရောင်းချမည့်နေ့ရက် = ၃၁-၈-၂၀၁၀

(ခ) ဈေးနှုန်းအဆိုပြုလွှာနောက်ဆုံးလက်ခံမည့်နေ့ = ၇-၉-၂၀၁၀ (ညနေ ၄နာရီတိတိ)

ဝါနှင့်ပိုးချည်လုပ်ငန်းဌာန
မြန်မာ့စက်မှုသီးနှံဖွံ့ဖြိုးရေးလုပ်ငန်း။

တေဇ (၁၁) ကျောင်းဆင်းညီအစ်ကိုများ

နှစ်စဉ် ကျင်းပမြဲဖြစ်သော ကျောင်းဆင်းနှစ်ပတ်လည်နေ့ (၂၆)နှစ်မြောက် အထိမ်းအမှတ်အား ရန်ကုန်မြို့ ၊ ဗဟန်းမြို့နယ်၊ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးတွင် ၁၂-၉-၂၀၁၀ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီမှ ၁၂ နာရီအထိ ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ မိသားစုနှင့်အတူ စုံညီစွာတက်ရောက်နိုင်ပါရန်ဖိတ်ကြားအပ်ပါသည်။ သူငယ်ချင်းများဖြစ်ကြသော နိုင်မိုးအောင် ဖုန်း-၀၉-၅၁၈၆၃၂၄၊ လှထွန်းဖြူ ဖုန်း-၀၉-၅၀-၁၈၈၅၇၊ ဦးဟန် ဖုန်း-၀၆၇-၄၀၈၂၆၄၊ အောင်နိုင် ဖုန်း-၀၉-၅၁-၃၁၂၄၉၊ အေးမင်း- ဖုန်း-၀၉-၅၀-၁၆၉၃၆၊ လှဦး ဖုန်း- ၀၉-၅၀-၄၈၅၇၃ တို့ထံ ဆက်သွယ်ကြပါရန်။

သင့်သွေးဖြင့် အသက်ကယ်ပါ

မြန်မာနိုင်ငံ လက်ဝှေ့အဖွဲ့ချုပ် ဥက္ကဋ္ဌဖလား အမျိုးသားတံခွန်စိုက်လက်ဝှေ့ပြိုင်ပွဲများ ကျင်းပပြီးစီး

အကောင်းဆုံးလက်ဝှေ့သမားဆုများ ဆုချီးမြှင့်

ရန်ကုန် ဩဂုတ် ၂၇

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီအားကစားဝန်ကြီးဌာန မြန်မာနိုင်ငံလက်ဝှေ့အဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် မြန်မာနိုင်ငံလက်ဝှေ့အဖွဲ့ချုပ်ဥက္ကဋ္ဌဖလား အမျိုးသားတံခွန်စိုက်လက်ဝှေ့ပြိုင်ပွဲကို ဩဂုတ် ၂၃ ရက်မှ ၂၇ရက်အထိ အောင်ဆန်းအားကစားပြိုင်ပွဲရုံ၌ နေ့စဉ် ညနေ ၃ နာရီမှစတင်ကျင်းပခဲ့ရာ အမျိုးသားအလွတ်တန်းနှင့် သက်ငယ်တန်း အမျိုးသမီးအလွတ်တန်းပြိုင်ပွဲသုံးရပ်တွင် ပွဲစဉ်ပေါင်း ၈၄ ပွဲယှဉ်ပြိုင်ထိုးသတ်ခဲ့သည်။ ပြိုင်ပွဲများပြီးဆုံးသော ဩဂုတ် ၂၇ ရက် ညနေပိုင်းတွင် ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာ မြန်မာနိုင်ငံလက်ဝှေ့အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးရန်ဝင်း၊ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော ဦးသိန်းအောင်၊ ဦးကျော်ကျော်စိုး၊ ဦးထက်လင်း၊ အထွေထွေအတွင်းရေးမှူး ဦးတင်လှိုင်နှင့် အလုပ်အမှုဆောင်များက ချီးမြှင့်ပေးကြသည်။

ချီးမြှင့်

ပြိုင်ပွဲသို့ ပြည်နယ်/တိုင်းဒေသကြီး၊ဝန်ကြီးဌာနကလပ်အသင်းများနှင့် ပုဂ္ဂလိက ကလပ်အသင်းများ စုစုပေါင်း ၁၇ သင်းမှ ပြိုင်ပွဲဝင်အင်အား ၁၀၈ ဦးပါဝင်ယှဉ်ပြိုင်ကြသည်။ ပြိုင်ပွဲတွင် ပထမဆု ငွေကျပ်တစ်သိန်း၊ ဒုတိယဆု ငွေကျပ်ငါးသောင်း၊ တတိယဆု ငွေကျပ်သုံးသောင်း ချီးမြှင့်သည်။ အတန်းလိုက် အကောင်းဆုံးလက်ဝှေ့သမားဆုကို ငွေကျပ်နှစ်သိန်း ချီးမြှင့်သည်။ အကောင်းဆုံးလက်ဝှေ့သမားဆုများကို အမျိုးသား အလွတ်တန်းတွင် ၄၈ကီလိုတန်းမှ ထက်အောင်(အား/ကာ သိပ္ပံ၊ ရန်ကုန်) **(အပေါ်ပုံ)**၊ အမျိုးသားသက်ငယ်တန်းတွင် ၅၂ ကီလိုတန်းမှ ကျော်မျိုးထွဋ်(အား/ကာသိပ္ပံ၊ မန္တလေး)၊ အမျိုးသမီးအလွတ်တန်းတွင် ၅၁ကီလိုတန်းမှ နန်းသက်ထားစံ (ကရင်ပြည်နယ်)တို့ ရရှိသွားကြသည်။ **(မြန်မာ့အလင်း)**

မြန်မာ့အလင်း

နိုင်ငံတကာ ရုပ်ရှင်နှင့်အနုပညာ

လူကြိုက်အများဆုံးဟောလိဝုဒ်သရုပ်ဆောင်

ကောင်းမြတ်သူ-ရေးသားသည်

နယူးယောက် ဩဂုတ် ၂၇

အမေရိကန် ဟောလိဝုဒ်ရုပ်ရှင်မင်းသမီး ကင်မရွန်းဒီယက်ဇ်သည် ဂူဂဲလ်ဝက်ဘ်ဆိုက် သုတေသနပြုခဲ့သည့် ဟောလိဝုဒ်သရုပ်ဆောင်များအနက် လူကြိုက်အများဆုံး သရုပ်ဆောင်ဖြစ်လာသည်။

ကမ္ဘာတစ်ဝန်းမှ ကင်မရွန်းဒီယက်ဇ်၏ ပရိသတ်များသည် သူမ၏ ကိုယ်ရေးအတ္ထုပ္ပတ္တိများကို ရှာဖွေခြင်း၊ ဓာတ်ပုံများထုတ်ယူခြင်းနှင့် အွန်လိုင်းမှ ၎င်း၏ဇာတ်ကားများကို ကြည့်ရှုခြင်းများ ပြုလုပ်ခဲ့သည်။

ကင်မရွန်းဒီယက်ဇ်သည် ယခုနှစ် ၂၀၁၀အတွင်း အမေရိကန်လုံခြုံရေး စင်တာမက်ဖရီးကုမ္ပဏီ၏ အဆိုအရ လူကြိုက်အများဆုံး ဟောလိဝုဒ်သရုပ်ဆောင်ဖြစ်လာသည်ဟုဆိုသည်။ သူမသည် ပြီးခဲ့သည့်နှစ်က ဂျက်စီကာဘီရယ်၏ လူကြိုက်အများဆုံးနေရာကို လွှဲပြောင်းရယူလိုက်ခြင်းဖြစ်သည်။

ကင်မရွန်းဒီယက်ဇ်အား အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ် ဆန်ဒီဂိုမြို့၌ ၁၉၇၂ခုနှစ် ဩဂုတ် ၃၀ရက်တွင် မွေးဖွားခဲ့သည်။ ယခုအခါ သူမ၏အသက်မှာ ၃၅နှစ်ရှိပြီဖြစ်သည်။

ပြန်လည်ဝင်ရောက်

သူမ၏ဘဝအစမှာ သရုပ်ဆောင်မဟုတ်။ မော်ဒယ်ဖြင့်စခဲ့သည်။ အသက် ၁၆နှစ်တွင် ဖက်ရှင်မော်ဒယ်အလုပ်ကို စတင်လုပ်ကိုင်ခဲ့သည်။ ထိုအချိန်မှစပြီး သူမ၏ အနုပညာလမ်းကြောင်းသည် မော်ဒယ်နှင့်စခဲ့ရသည်။ အခြေခံပညာအထက်တန်းအောင်ပြီးနောက်ပိုင်း ၎င်းသည် ဂျပန်နိုင်ငံသို့သွားရောက် အလုပ်လုပ်ကိုင်ခဲ့သည်။ ဂျပန်တွင် ဒါရိုက်တာကာလိုဒီလာတော်ရီနှင့် ခင်မင်ရင်းနှီးခွင့်ရခဲ့သည်။ သူမသည် ဒါရိုက်တာတော်ရီနှင့်အတူ ကယ်လီဖိုးနီးယားသို့ ပြောင်းရွှေ့လာခဲ့သည်။ ၎င်းသည် မကြာမီနှစ်များအတွင်း ကမ္ဘာ့မော်ဒယ်လောကသို့ ပြန်လည်ဝင်ရောက်ခဲ့သည်။ ကုမ္ပဏီအများအပြားက သူမနှင့် မော်ဒယ်လုပ်ငန်းလုပ်ကိုင်ရန် စာချုပ်သည်။ ဒီဇိုင်နာများအဖြစ် ကယ်ဗင်ကလင်းနှင့် လီဗိုက်တို့က မော်ဒယ်လုပ်ငန်းတွင် ပါဝင်ကူညီပေးခဲ့သည်။ သူမ၏ပုံကို ၁၉၉၀ပြည့်နှစ် ဇူလိုင်လထုတ် ဆဲဗင်းတင်းမဂ္ဂဇင်း မျက်နှာဖုံးအဖြစ် ဖော်ပြခံရသည်။ ကင်မရွန်းဒီယက်ဇ်သည် ၁၉၉၉-၂၀၀၀ ကာလအတွင်း ရုပ်ရှင်ဇာတ်ကားများစွာတွင် ပါဝင်သရုပ်ဆောင်ခဲ့သည်။ လူကြိုက်များခဲ့သော ဇာတ်ကားများမှာ Things You Can Tell Just by Looking at Her, A Life Less Ordinary, Any Given Sunday နှင့် Cherlie's Angels တို့ဖြစ်သည်။

၂၀၀၁ခုနှစ်တွင် ရွေကမ္ဘာလုံး ဇာတ်ပို့အကောင်းဆုံးဆုကိုလည်းကောင်း၊ SAG ရုပ်ရှင်ထူးချွန်ဆုကိုလည်းကောင်း ဆွတ်ခူးခဲ့ပြီး ၂၀၀၃ခုနှစ်က သရုပ်ဆောင်ခအဖြစ် ဒေါ်လာ ၁၀သန်း ဝင်ငွေရခဲ့သည်။ ၎င်းသည် ၁၉၈၈ခုနှစ်မှ ၁၉၉၃ခုနှစ်အထိ ဖက်ရှင်မော်ဒယ်အလုပ်ကို လုပ်ကိုင်ခဲ့ပြီး ၁၉၉၃ခုနှစ်မှ ယနေ့အထိ သရုပ်ဆောင်အလုပ်ကို လုပ်ကိုင်လျက်ရှိသည်။ ဖောဘတ်မဂ္ဂဇင်းမှ လူကြိုက်အများဆုံး ဟောလိဝုဒ်သရုပ်ဆောင်များစာရင်းကို ဖော်ပြခဲ့ရာတွင် ဂျူလီယာရောဘတ်၊ ဂျက်စီကာဘီရယ်၊ ဂျစ်ဆဲလာဘန်ချန်း၊ ဘရက်ပစ်၊ အက်ဒရီယာနာလီမာနှင့် တွန်ခရုဇ် တို့လည်း ပါဝင်ကြောင်းသိရသည်။ ***ကိုးကား-အင်တာနက်***

နေပြည်တော်ခရိုင် ဥတ္တရသီရိမြို့နယ်၌ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းအသိပညာပေး ဟောပြောပွဲကျင်းပ

နေပြည်တော် ဩဂုတ် ၂၇

နေပြည်တော် ယာဉ်ထိန်းတပ်ဖွဲ့၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြောပွဲကို ဇူလိုင် ၈ရက် ည ၈ နာရီတွင် နေပြည်တော်ခရိုင် ဥတ္တရသီရိမြို့နယ် ဥတ္တရသီရိရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၌ကျင်းပရာ နေပြည်တော် ယာဉ်ထိန်းတပ်ဖွဲ့၊ စည်းကမ်းထိန်းသိမ်းရေးတပ်ခွဲ(၂)မှ ရဲအုပ်ထွန်းထွန်းက နေပြည်တော်ခရိုင်အတွင်း ဖြစ်ပွားခဲ့သော ယာဉ်မတော်တဆမှုများဖြစ်ပွားရခြင်းအကြောင်းအရင်း၊ ယာဉ်တိုက်မှုဖြစ်စဉ်များ၊ ဒဏ်ရာရ သေဆုံးမှု အခြေအနေ၊ လမ်းညွှန်ဆေးရေးအမှတ်အသားများနှင့် အပြည်ပြည်ဆိုင်ရာ ယာဉ်ထိန်းသိမ်းခြင်း နည်းစနစ်များအကြောင်းကို ပရိဂျက်တာဖြင့် ပြသရှင်းလင်းဟောပြောခဲ့ရာ ဒေသခံပြည်သူများ တက်ရောက်ကြပြီး နေပြည်တော် ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီက အခမဲ့ဖြန့်ဝေသော လက်ကမ်းစာစောင်များကို ဖြန့်ဝေပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

Yangon International Products Showcase 2010- ပြပွဲ

ရန်ကုန်မြို့ တပ်မတော်ခန်းမ၌ ပြသ

ရန်ကုန် ဩဂုတ် ၂၇

ထိုင်းနိုင်ငံ ပို့ကုန်မြှင့်တင်ရေးဌာန (Department of Export Promotions Thailand)၏ ပံ့ပိုးကူညီမှုဖြင့် Inforithm-Maze က ကြီးမှူး၍ The 1st Yangon International Products Showcase 2010- ပြပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ ကျင်းပသည်။ **(အောက်ပုံ)**

အခမ်းအနားတွင် ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ် ဒုတိယဥက္ကဋ္ဌ ဦးထွန်းအောင်က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။ ထို့နောက် ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ် အထွေထွေအတွင်းရေးမှူး ဒေါက်တာ မောင်မောင်လေး၊ Inforithm-Maze မှ ဦးသောင်းစုငြိမ်းနှင့် ဒေါ်စုငြိမ်းအေးတို့က ပြပွဲကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။ ယင်းနောက် ဖိတ်ကြားထားသည့် ဧည့်သည်တော်များသည် ပြခန်းများကို လှည့်လည်ကြည့်ရှုလေ့လာကြသည်။

ပြပွဲတွင် ကုမ္ပဏီပေါင်း ၄၇ခုတို့မှ ပါဝင်ပြသကြပြီး ပြခန်းများတွင် စားသောက်ကုန်၊ အလှကုန်၊ အိမ်သုံး၊ လူသုံးကုန်ပစ္စည်းများ၊ ဆောက်လုပ်ရေးဆိုင်ရာ ပစ္စည်းများ၊ အီလက်ထရွန်နစ်ပစ္စည်းများ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ ဆေးဝါးပစ္စည်းများ၊ အဝတ်အထည်များ၊ မင်္ဂလာအိပ်ရာ ခန်းဝင်ပစ္စည်းများ၊ ခရီးသွားဝန်ဆောင်မှုလုပ်ငန်းများ၊ ဟိုတယ်လုပ်ငန်းများ၊ ဆေးဝါးကုသမှုဆိုင်ရာ ဆေးရုံများ၊ လေကြောင်းပို့ဆောင်ရေးလုပ်ငန်းများ၊ ကလေးအသုံးအဆောင်ပစ္စည်းများ၊ နောက်ဆုံးပေါ်ဖက်ရှင်ဒီဇိုင်းများ၊ ထိုင်းရိုးရာအစားအသောက်များကို ခင်းကျင်းပြသ ရောင်းချလျက်ရှိသည်။ ပြပွဲတွင် ငွေကျပ်တစ်သောင်းနှင့်အထက် ဝယ်ယူသူများအား ကံစမ်းမဲဖောက်၍ ချက်ချင်း ဆုလက်ဆောင်များ ပေးလျက်ရှိသည်။ ထို့အပြင် ဖျော်ဖြေရေး အစီအစဉ်ဖြင့် ပြပွဲလာပရိသတ်များအား ဖျော်ဖြေပေးလျက်ရှိသည်။ ပြပွဲကို ဩဂုတ်၂၇ရက်မှ ၂၉ ရက်အထိ နေ့စဉ် နံနက် ၉နာရီမှ ညနေ ၆နာရီအထိ ပြသမည်ဖြစ်ပြီး တပ်မတော်ခန်းမမှ ဆူးလေ၊ လှည်းတန်း၊ တာမွေဈေးခရီးစဉ်များအတွက် ကြိုပို့ယာဉ်သုံးစီးဖြင့် နှစ်နာရီခြား တစ်ကြိမ် အခမဲ့ပြေးဆွဲပေးလျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နမ့်ခမ်းမြို့နယ်၌ အားမာန်သစ်စာကြည့်တိုက် ပန္နက်တင်

နမ့်ခမ်း ဩဂုတ် ၂၇

ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်ခရိုင် နမ့်ခမ်းမြို့နယ် မာန်အောင်ကျေးရွာ၌ အားမာန်သစ်စာကြည့်တိုက် အဆောက်အအုံသစ် ဆောက်လုပ်ရန်အတွက် ပန္နက်တင်မင်္ဂလာအခမ်းအနားကို ဩဂုတ် ၁၀ရက် နံနက်က မာန်အောင်ကျေးရွာ၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်ဥက္ကဋ္ဌ ဦးကိုကိုအောင်၊ နယ်မြေခံတပ်မှ ဒုတိယတပ်ရင်းမှူးဗိုလ်မှူးနေလင်းဦး၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူး ဒေါ်နေခြည်သွေးနှင့် မာန်အောင်ကျေးရွာဥက္ကဋ္ဌ ဦးစံအေးတို့ကပန္နက်တင်၍ အမွှေးနံ့သာရည်များ ပက်ဖျန်းပေးသည်။ ယင်းစာကြည့်တိုက်အဆောက်အအုံသစ် ဆောက်လုပ်ရန် မြေအလျားပေ ၃၀ အနံ ၂၅ပေကို မာန်အောင်ကျေးရွာနေ ဦးညီဒွဲက လှူဒါန်းကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

အမည်ပြောင်း

ဦးဘိုဝင်း၏သား နေပြည်တော် ခရိုင် ပျဉ်းမနားမြို့နယ် အထက(၁) တက္ကသိုလ်ဝင်တန်း(G)မှ မောင်ကျော် ဇင်ဦးအား မောင်ဟိန်းမင်းစိုးဟု ပြောင်းလဲခေါ်ပါရန်။

မောင်ဟိန်းမင်းစိုး။

အမည်ပြောင်း

ဦးတင်ဝင်း၏သား ပြင်ဦးလွင်မြို့ အထက(၃)တက္ကသိုလ်ဝင်တန်း (K)မှ မောင်မင်းခန့်အားမောင်ကောင်းစစ်နိုင် ဟု ပြောင်းလဲခေါ်ပါရန်။

မောင်ကောင်းစစ်နိုင်။

[illegible]

ယာဉ်မှတ်ပုံတင်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် သ/၄၁၂၅ Tyota Hilux YN 85 P/U မော်တော်ယာဉ် လက်ဝယ်ရှိသူ ဒေါ်သိန်းနွဲ့၃/ဘအန(နိုင်)၀၀၅၂၁၂ က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ပြည်နယ်ရုံး(ဘားအံမြို့)။**

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ကြည့်မြင်တိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၆ F°၊ မြေကွက်အမှတ် ၁၂၁၊မြေကွက်တည်နေရာအမှတ်၂၉၊ စလင်းလမ်း၊ သာစုအနောက်ရပ်ကွက်၊ ကြည့်မြင်တိုင်မြို့နယ် ဒေါ်လှမြင့် အမည်ပေါက် နှစ်(၆၀)မြေငှားဂရန်မြေအား အမည်ပေါက် မိခင်ဒေါ်လှမြင့်၊ ဖခင် ဦးသိန်းဇံတို့ကွယ်လွန်သဖြင့် (၁) ဒေါ်နှင်းသီတာ ၁၂/ကမတ (နိုင်) ၀၁၂၁၈၈၊ (၂) ဒေါ်ခင်နီလာဇံ ၁၂/ကမတ (နိုင်)၀၁၁၉၄၀၊ (၃) ဦးမောင်မောင်သက် ၁၂/ကမတ(နိုင်)၀၄၆၅၇၀တို့က သားသမီးများတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ်ရန် မြေပုံကူး လျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ။

[illegible]
[illegible]

[illegible]
[illegible]

[illegible]
[illegible]

အင်းစိန် အလက(၄) စုပေါင်းအလှူ

ရန်ကုန် ဩဂုတ် ၂၇

အင်းစိန် ကြို့ကုန်းအရှေ့ရပ်ကွက် အမှတ်(၄) အခြေခံပညာအလယ်တန်းကျောင်း စုပေါင်းအလှူကို ဩဂုတ် ၂၄ရက်က ကျောင်းခန်းမ၌ကျင်းပရာ မြို့နယ်ပညာရေးမှူး ဆရာကြီး ဦးမျိုးဆွေ၊ ကျောင်းအုပ်ဆရာမကြီး ဒေါ်တင်တင်ဝင်းနှင့် ဆရာမများ၊ ကျောင်းအကျိုးတော်ဆောင်နှင့် မိဘဆရာအသင်း အမှုဆောင်များနှင့် ဖိတ်ကြားထားသော ဧည့်သည်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် ကျောင်းအုပ်ဆရာမကြီး ဒေါ်တင်တင်ဝင်းက စုပေါင်းအလှူပြုရခြင်းအကြောင်းကို ရှင်းလင်းပြောကြားသည်။ (၁၁၃)

ကျောက်တန်း၌ ပညာရည်ချွန်ဆုပေးပွဲကျင်းပ

ရန်ကုန် ဩဂုတ် ၂၇

ရန်ကုန်တောင်ပိုင်း ခရိုင် ကျောက်တန်းမြို့ ကျောက်တန်းဘိုးဘွားရိပ်သာကြီးကြပ်မှုကော်မတီမှ ကျင်းပသော ၂၀၀၉-၂၀၁၀ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်သော ဘိုးဘွားရိပ်သာ ဝန်ထမ်းသားသမီး ကျောင်းသားကျောင်းသူများအား ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဩဂုတ် ၂၅ရက် နံနက် ၁၀နာရီက အဆိုပါရိပ်သာ၌ ကျင်းပသည်။

ပေးအပ်

အခမ်းအနားတွင် ၂၀၀၉-၂၀၁၀ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးနှစ်ဘာသာဖြင့် အောင်မြင်ခဲ့သော မေသဉ္ဇာအား ဘိုးဘွားရိပ်သာ ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးထွန်းလှရွှေက ဂုဏ်ပြုဆုပေးအပ်ခဲ့သည်။ (ဝဲပုံ) (မြို့နယ် ပြန်/ဆက်)

ဝါးခယ်မမြို့၌ စပါးခင်းအတွင်း ငါးမျိုးစိုက်ထည့်

နေပြည်တော် ဩဂုတ် ၂၇

မြောင်းမြခရိုင် ငါးလုပ်ငန်း ဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် စပါးခင်းများအတွင်း ငါးမျိုးများစိုက်ထည့်ပွဲကို ဩဂုတ် ၁၇ရက်က ဝါးခယ်မမြို့နယ် ဦးကြီးတော် ကျေးရွာအုပ်စု လယ်သမားကြီးဦးတင်အေး၏ လယ်မြေငါးဧက စံပြကွက်၌ ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးဇော်ဇော်နှင့် အဖွဲ့ဝင်များ၊ မြို့နယ် စိုက်တိုးမြှင့်အဖွဲ့ဝင်များ၊ မြို့နယ်ငါးလုပ်ငန်းဦးစီးဌာန ဦးစီးမှူး ဦးအုန်းဝင်းနှင့် ဝန်ထမ်းများ၊ ကျေးရွာဥက္ကဋ္ဌ၊ လူမှုရေးအသင်းအဖွဲ့များနှင့် တောင်သူလယ်သမားကြီးများ တက်ရောက်ကြပြီး တီလားဗီးယား၊ ငါးခုံးမကြီးငါးများကို မျိုးစိုက်ပေးခဲ့ကြသည်။

အဆိုပါ စပါးခင်းအတွင်း ငါးမျိုးစိုက်ထည့်ပွဲတွင် ဦးကြီးတော် ကျေးရွာအုပ်စုရှိ လယ်မြေ ၁၅၃ ဧက၌ တီလားဗီးယားကောင်ရေ ၁၀၀၀၀၊ ငါးခုံးမကြီးကောင်ရေ ၆၆၅၀၀ စုစုပေါင်းကောင်ရေ ၇၆၅၀၀ကို မျိုးစိုက်ထည့်ပေးခဲ့ကြသည်။ **(အောက်ပုံ)**

အလားတူ သဘာဝမြစ်ချောင်းအတွင်း ငါးသားပေါက်များ ထည့်လွှတ်ခြင်းအခမ်းအနားကို ဝါးခယ်မမြစ်နှင့် ရွှေလောင်းဆက်သွယ်သည့်တူးမြောင်းအတွင်း ဆက်လက်ကျင်းပရာ ငါးခုံးမကြီးကောင်ရေ ၅၀၀၀၀ကို မျိုးစိုက်ထည့် လွှတ်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။

★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။

★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။

★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

ပြည်သူ့ဆန္ဒ သဘောထား

- တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ- ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။

☆ RFA, DVB - သွေးထိုးနေသည်။

☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား- နားမယောင်လေနဲ့ သတိထား။

ရန်ကုန်မြို့ဈေးကွက်သို့ တင်ပို့ရန် အသင့်ဖြစ်နေသော ရေကြည်မြို့နယ်ထွက် ကြိမ်အချောထည်ပစ္စည်းများကို ဤသို့ တွေ့ခဲ့ရသည်။

ရေကြည်မြို့နယ် ကြိမ်ချောထည်လုပ်ငန်းသို့ ခရီးတစ်ခေါက်

➤ သတင်းခရီးသည် - သတင်းထောက်ထွန်းဇော်(စမ်းချောင်း) ➤ ဓာတ်ပုံမှတ်တမ်း - သတင်းထောက်မြင့်အောင်(အလုံ)

ရန်ကုန် ဩဂုတ် ၂၇

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ရေကြည်မြို့နယ်ရှိ မြန်မာ့လက်မှုအနုပညာလုပ်ငန်းတစ်ခုဖြစ်သော ကြိမ်ချောထည်လုပ်ငန်းခွင်ကို သတင်းခရီးသည်တို့ လေ့လာရေးသားခွင့်ရခဲ့သည်။

ရေကြည်မြို့နယ်ရှိ ကြိမ်ချောထည်ထုတ်လုပ်သည့် မြန်မာ့လက်မှုအနုပညာလုပ်ငန်းသည် လွန်ခဲ့သောနှစ်ပေါင်း ၄၀ကျော်ကပင် လက်ဆွဲခြင်းအမျိုးမျိုး စတင်ပြုလုပ်လာခဲ့ကြရာမှ နောက်ပိုင်းတွင် အိမ်တွင်းလက်မှုလုပ်ငန်းအနေဖြင့် လူသုံးကုန်ပစ္စည်းများ ထုတ်လုပ်လာခဲ့ကြသည်။

စာမျက်နှာ ၅ ကော်လံ ၄ ❐

မြန်မာ့အလင်း ကမ္ဘာတစ်လွှားထူးခြားဆန်းပြား

တောင်ကိုရီးယားအမျိုးသမီး အိုအမ်ဆန်း တောင် ၁၄လုံးကို အမှန်တက်ခဲ့လေသလား

မြင့်မောင်စိုး - စုစည်းသည်

ဆိုးလ် ဩဂုတ် ၂၇

တောင်ကိုရီးယား အမျိုးသမီးတောင်တက်သမား အိုအမ်ဆန်းသည် ဧပြီလအတွင်းက ကမ္ဘာ့အမြင့်ဆုံးတောင် ၁၄ လုံးကို တက်နိုင်ခဲ့သည့် ပထမဆုံးအမျိုးသမီးအဖြစ် မှတ်တမ်းတင်ခဲ့ကြောင်း တောင်ကိုရီးယား မီဒီယာများက သတင်းဖော်ပြခဲ့သည်။

စာမျက်နှာ ၈ ကော်လံ ၂ ●

ပဲခူးတိုင်းဒေသကြီး မိုးစပါးစိုက်ပျိုးပြီးစီးမှု

ရန်ကုန် ဩဂုတ် ၂၇

ပဲခူးတိုင်းဒေသကြီး၌ ယနေ့အထိ မိုးစပါး ၃၀၀၄၁၁၁ ဧက စိုက်ပျိုးပြီးစီးကြောင်းနှင့် မိုးစပါးလျာထားချက် ပြည့်မီကျော်လွန်ရေးအတွက် ဆက်လက်စိုက်ပျိုးဆဲဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

28-8 (20).pmd 1 8/28/2010, 1:21 AM